# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၉၄]


**ဖတ်မှတ်လေ့လာခြင်းအကျိုး**

* ဖတ်မှတ်လေ့လာခြင်းတွင် ကောင်းစွာအားထုတ်သောသူသည် ဗဟုသုတအကြားအမြင် ပြည့်စုံတိုးတက်နိုင်၏။

* ဗဟုသုတအကြားအမြင်ဖြင့် အကြောင်းအကျိုးကို သိ၏။

* သိအပ်သော အနက်အဓိပ္ပာယ်သည် ချမ်းသာကို ဆောင်၏။

# မိတ္တီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် အထောက်အကူပြုမည့်



## မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း ပြည်သူများအတွက် နှစ်သစ်ကူး လက်ဆောင်အဖြစ် ဖွင့်လှစ်ပေး

**ရှားင် ဇန်နဝါရီ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှားင်မြို့နယ်ရှိ မြို့ကြီးဘက်စုံ ရေလှောင်တမံ စီမံကိန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်၊ ဦးရဲထွဋ်၊ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်တို့နှင့်အတူ ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် မြို့ကြီး ဘက်စုံရေလှောင်တမံစီမံကိန်းသို့

*စာမျက်နှာ ၈ ကော်လံ ၁* ✻

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)


- Warranty for 2-years or 3000 working hours whichever comes first.
- Complimentary maintenance Kits, including Lube up to 3000 working hours maintenance.
- 7 times maintenance services FOC.
- Complimentary unlimited repair services during warranty period.
- Hire purchase through AYA bank is available.

SPECIAL DEAL — 2 Years Warranty | Complimentary Maintenance Kits including Lube | Free Maintenance & Repair Service

DOOSAN

Block - 246, Q-1, Corner of Min Gyi Mahar Min Khaung Street & Myin Wun U Aung Thu Street, Hlaing Tharyar Industrial Zone - 2, Hlaing Tharyar Township, Yangon, Myanmar.

TEL : 09 54 06627, 09 40 277 0563

HTUN NAY WUN THIYSAR COMPANY LIMITED



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အားလုံးမျှော်လင့်နေသော ၂၀၁၆ ခုနှစ်

ခရစ်နှစ် ၂၀၁၆ ခုနှစ်သည်ကား ကျွန်ုပ်တို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ ကံကြမ္မာကို ပုံဖော်ဖန်တီးပေးနိုင်မည့် နှစ်တစ်နှစ်ဖြစ်သည့်အားလျော်စွာ အားလုံးကမျှော်လင့်ချက်များစွာဖြင့် စိတ်ဝင်တစား စောင့်မျှော်နေသော နှစ်တစ်နှစ်ဖြစ်ပါသည်။ အကြောင်းသည်ကား နိုဝင်ဘာလ ရွေးကောက်ပွဲကာလအပြီး ပေါ်ပေါက်လာမည့် အစိုးရသစ်တစ်ရပ်အနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ပခုံးပြောင်းတာဝန်ယူရမည့် နှစ်တစ်ဖြစ်နေခြင်းကြောင့်ဖြစ်ပါသည်။ အစိုးရသစ်၏ ပထမဆုံးတစ်နှစ်တာကာလအတွင်း မည်သို့မည်ပုံ ကိုင်တွယ်ဆောင်ရွက်သွားမည်ကို ပြည်သူအားလုံးက စိတ်ဝင်စားလျက်ရှိပါသည်။

မည်သို့ပင်ဖြစ်စေ ၂၀၁၆ ခုနှစ်သည် နိုင်ငံရေးစနစ်တစ်ခုအတွင်း အပြောင်းအလဲ အချိုးအကွေ့များနှင့်အတူ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရှိနေမည်မှာ အသေအချာပင်ဖြစ်ပါသည်။ လက်ရှိနိုင်ငံတော်အစိုးရ၏ ဒီမိုကရေစီအုတ်မြစ်အပေါ်တွင်အခြေခံပြီး ထိရောက်သောအစီအမံများဖြင့် တိုင်းပြည်နှင့်လူမျိုး အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် ကြိုးပမ်းအားထုတ်မှုများ ပေါ်ပေါက်လာစေရန် မျှော်လင့်လျက်ရှိကြပေသည်။

ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ၂၀၁၆ ခုနှစ်သည် ထူးခြားသောနှစ်ဖြစ်သည့်အားလျော်စွာ အပြောင်းအလဲများနှင့်အတူ လိုက်ပါသွားကြရဖို့ရှိပါသည်။ လူတစ်ဦးချင်းစီသည် စည်းကမ်းကို လိုက်နာတတ်ခြင်း၊ တာဝန်ယူတာဝန်ခံမှုရှိခြင်း၊ အဂတိတရားကင်းရှင်းစွာ နေထိုင်ပြုမူခြင်းစသော လူတစ်ဦးချင်းစီ၏ ကိုယ့်ကျင့်တရားများ ကောင်းမွန်အောင် လေ့ကျင့်မွေးမြူကြရမည်ဖြစ်သလို အလုပ်ကိုလည်း ပိုမိုကြိုးစားအားထုတ်လုပ်ကိုင်ကြရမည်ဖြစ်ပါသည်။ စည်းကမ်းကောင်းပြီး ကြိုးစားအားထုတ်အလုပ်လုပ်ကြမည်ဆိုလျှင် မကြာမီနှစ်များအတွင်း ကြီးပွားတိုးတက်သည့် နိုင်ငံအဖြစ်သို့ရောက်ရှိလာမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။ ဒီမိုကရေစီခေတ်တွင် လူတိုင်းလူတိုင်းသည် တန်းတူအခွင့်အရေးရှိကြပြီး ကြိုးစားလျှင် ကြိုးစားသလို အကျိုးဖြစ်ထွန်းနိုင်ပါသည်။ ကြီးပွားတိုးတက်ရန် အခွင့်အလမ်းများစွာရှိနေပါသည်။ ထိုအခွင့်အလမ်း၊ အခွင့်အရေးများကို ဤ ၂၀၁၆ ခုနှစ်တွင် ပိုမိုရရှိခံစားနိုင်တော့မည်ဖြစ်ပါသည်။ သင်၏ မွေးရာပါလွတ်လပ်ခွင့်များကို ယခုအချိန်မှစပြီး တီထွင်ကြံဆလုပ်ကိုင်သွားဖို့လိုပါသည်။ သို့သော် စည်းကမ်းမဲ့ခြင်းသည် ဒီမိုကရေစီစနစ်၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ဒီမိုကရေစီက ပေးအပ်ထားသော လွတ်လပ်ခွင့်များကို တလွဲအသုံးချခြင်းသည် စည်းကမ်းဖောက်ဖျက်ရာ ရောက်ပါသည်။

အချုပ်အားဖြင့်ဆိုလျှင် ၂၀၁၆ ခုနှစ်သည် ပြည်သူရွေးကောက်တင်မြှောက်ခံ အစိုးရသစ်ပေါ်ပေါက်လာပါမည်။ လူတိုင်းလူတိုင်းသည်အမှန်တရားကိုတန်ဖိုးထားပြီး စည်းကမ်းရှိကြဖို့လိုပါသည်။ အဂတိတရားကင်းရှင်းပြီး ကြိုးစားအလုပ်လုပ်ဖို့လိုပါသည်။ ဒီမိုကရေစီအပြောင်းအလဲအတွင်း လိုက်ပါလျက် ၂၀၁၆ ခုနှစ်ကို တန်ဖိုးရှိသော နှစ်တစ်နှစ်ဖြစ်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ဗဟိုဆက်သွယ်ရေးကျောင်း အရာထမ်း၊ အမှုထမ်းများ တူညီဝတ်စုံနှင့် ရာထူးအဆင့်တံဆိပ်တပ်ဆင်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟိုဆက်သွယ်ရေးကျောင်းတွင် အရာထမ်း၊ အမှုထမ်းများ တူညီဝတ်စုံနှင့် ရာထူးအဆင့် တံဆိပ်တပ်ဆင်ခြင်း အခမ်းအနားအား ဒီဇင်ဘာ ၃၀ ရက်က ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း တက်ရောက်ခဲ့သည်။

အဆိုအပါ အခမ်းအနားတွင် ဒုတိယဝန်ကြီးက ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအတွင်းရှိ သင်တန်းသားဝန်ထမ်းများကို လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်လေ့ကျင့်ပေးသည့် တစ်ခုတည်းသော သင်တန်းကျောင်းကြီးဖြစ်ကြောင်း၊ အဆိုပါကျောင်းသည် ၁၉၉၃ ခုနှစ်မှစ၍ ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် ပခုံးဒေါက်တံဆိပ်များ တပ်ဆင်ခွင့်ပြုခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလတွင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှအပ ကျန်ဌာနအားလုံးကို ရာထူးအဆင့် တံဆိပ်များတပ်ဆင်မှု ရပ်ဆိုင်းခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် မြန်မာ့မီးရထားဝန်ထမ်းများ၏ ရာထူးအဆင့်တံဆိပ်ပုံစံအတိုင်း တစ်ပုံစံတည်း ဝတ်ဆင်ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း၊ ပခုံးဒေါက်၊ ဦးထုပ်များဝတ်ဆင်ကြခြင်းသည် အရာထမ်းများ၊ ကြီးကြပ်ရေးအဆင့်ဝန်ထမ်းများအတွက် မိမိကိုယ်ကို ဂုဏ်ယူဝံ့ကြွားနိုင်စေရန်၊ ကျန်ဝန်ထမ်းများအနေဖြင့် အဆင့်တံဆိပ်ဝတ်ဆင်ခြင်းဖြင့် အားကျအတုယူပြီး ပိုမိုကြိုးစားနိုင်ကြစေရန်၊ စိတ်ဓာတ်ကောင်းမွန်သော၊ စွမ်းရည်ပြည့်ဝသော သင်တန်းသား သင်တန်းသူများကို လေ့ကျင့်ပေးနိုင်ရေးအတွက် တတ်အားသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ကျောင်းအုပ်ကြီးနှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ကထိကအဆင့်အထိလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်မှ ဦးစီးအရာရှိ၊ လက်ထောက်ကထိက အဆင့်အထိလည်းကောင်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးမှ ရုံးအုပ်နှင့်ဌာနခွဲစာရေးအဆင့်ထိလည်းကောင်း၊ ကျောင်းအုပ်ကြီးမှ နည်းပြများအား လည်းကောင်း ရာထူးအဆင့်တံဆိပ်များ တပ်ဆင်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပ

**ဖြူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့၌ ၂၀၁၆ ခုနှစ် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီမှကြီးမှူး၍ မြို့နယ်အားကစားကွင်းအတွင်း၌ ဇန်နဝါရီ ၁ ရက်က ဖွင့်ပွဲကျင်းပ၍ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ထုပ်စည်းတိုးပြိုင်ပွဲ၊ ၁၃ နှစ်အောက် ဂိုးကျဉ်းဘောလုံးပြိုင်ပွဲနှင့် ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပပြီး ပျော်ပွဲရွှင်ပွဲများအဖြစ် ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**



## ရော်ဘာအစိုဓာတ်ထိန်းခြင်းနှင့် မီးတားလမ်းပြုလုပ်ခြင်း သရုပ်ပြ

**ဘီးလင်း ဇန်နဝါရီ ၁**

ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)သည် ဒီဇင်ဘာနောက်ဆုံးပတ်က ရော်ဘာအစိုဓာတ်ထိန်းခြင်းနှင့် မီးတားလမ်းပြုလုပ်ခြင်း (Field day) ကွင်းသရုပ်ပြပွဲကို ကျောက်ရေတွင်းကျေးရွာရှိ ခြံရှင် ဦးထွန်းခိုင်၏ ရော်ဘာခြံ၌ ကျင်းပခဲ့သည်။

ကွင်းသရုပ်ပြပွဲ၌ စက်မှုသီးနှံဦးစီးအရာရှိ ဦးသက်ဆွေက မီးတားလမ်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရော်ဘာပင် အစိုဓာတ်ထိန်းသိမ်းခြင်းကို စက်မှုသီးနှံဦးစီးအရာရှိနှင့် ဝန်ထမ်းများက တက်ရောက်လာသော ရော်ဘာခြံပိုင်ရှင်ကို လက်တွေ့သင်ကြားပြသခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်

**သနပ်ပင် ဇန်နဝါရီ ၁**

လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားလိုင်းတိုးချဲ့တပ်ဆင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး (အရှေ့) သနပ်ပင်မြို့ ငါးချဉ်ပိုင်းရပ်ကွက် ဈေးပိုင်း ကျွန်းသာယာရပ်ကွက်၊ ဘုတာပိုင်း ရွှေကျီးပင်ရပ်ကွက်တို့၌ 11 KV ဓာတ်အားလိုင်းကြိုးများ တပ်ဆင်ခြင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းကြိုးများတပ်ဆင်ခြင်းနှင့် ၁၁/၀ ဒသမ ၄ KV 200 KVA ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းများကို သနပ်ပင်မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးပြည့်ဖြိုးဇော်နှင့် ဝန်ထမ်းများက တပ်ဆင်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက်အထိ လုပ်ငန်းနှစ်ခု ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရဲထွဋ်(မင်းရွာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၁-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၂၃၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၁.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၂.၆၀ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၅၆ |
| တရုတ် | တစ်ယွမ် | ၂၀၂.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၃၉ |

ခင်ရတနာ-စုစည်းသည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ပုံ)



အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဉာဏ်ထွန်းအောင်၊ ဦးတင့်ဆန်း၊ ဒေါက်တာသန်းအောင်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ဇန်နဝါရီ ၁၂ ရက်တွင်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် လိုအပ်ချက်များကိုညှိနှိုင်းပေါင်းစပ်နိုင်ရန် ပြုလုပ်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း။

NCA ၏ သဘောတူညီချက်များအတိုင်း အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး (JICM)ကို ယင်းနေ့၌ပင် နိုင်ငံတော်သမ္မတက ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ JICM အောက်တွင်ရှိသည့် ပူးတွဲကော်မတီတစ်ခုဖြစ်သော(UPDJC)ကို ဖွဲ့စည်းပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(မူကြမ်း) (The Framework for Political Dialogue) ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီနှင့် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ပူးပေါင်းရေးဆွဲခဲ့ကြပြီးဖြစ်ပါကြောင်း။

ယင်း Framework ကို NCA လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၆၀ အတွင်း ရေးဆွဲပြီးစီးပြီးဖြစ်ရမည်ဟု သတ်မှတ်ထားပါကြောင်း၊ ထို့ကြောင့် ရေးဆွဲပြီးသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် MICC-2 ၌ နိုင်ငံတော်သမ္မတထံသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ NCA စာချုပ်အရ ယင်းမူဘောင်ကိုအခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲစတင်ရန် ရက်ပေါင်း ၉၀ အတွင်း ခေါ်ယူရမည်ဖြစ်သည့်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နိုင်ငံတော်သမ္မတက လာမည့်ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဟု ကြေညာခဲ့ပါကြောင်း၊ ယင်းညီလာခံကို အစိုးရ၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီ၊ အခြားဖိတ်ကြားသင့်သည့် တိုင်းရင်းသားကိုယ်စားလှယ်၊ တတ်သိပညာရှင်အစုအဖွဲ့ ငါးဖွဲ့၊ လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားအဖွဲ့ ကိုယ်စားလှယ်၊ အကျိုးဆောင်များနှင့် လေ့လာသူများအပါအဝင် လူပုဂ္ဂိုလ် ၈၇၀ ဦး တက်ရောက်ကြမည်ဖြစ်ပြီး ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း။

ဖွင့်ပွဲအခမ်းအနားကို MICC-2 တွင် ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတော်သမ္မတအပါအဝင် အထူးဖိတ်ကြားထားသူ ၂၆၆ ဦးခန့် တက်ရောက်ကြမည်ဖြစ်သည့်အတွက် စုစုပေါင်းလူဦးရေ ၁၁၀၀ ခန့်ရှိမည်ဟု သိရှိကြောင်း၊ ထို့ကြောင့် ညီလာခံကြီး



**ဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ရှင်းလင်းတင်ပြစဉ်။**

အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပရေးဗဟိုကော်မတီဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ကျန်သည့်လုပ်ငန်းအဝဝကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများကိုလည်း ထပ်မံ ဖွဲ့စည်းထားပြီး ဗဟိုကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်း ဆောင်ရွက်သွားမည့်အခြေအနေ၊ ညီလာခံကျင်းပမည့်နေရာသတ်မှတ်ထားမှု အခြေအနေ၊ ညီလာခံသို့တက်ရောက်မည့် တာဝန်ရှိသူများအား ဖိတ်ကြားသွားမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က လုံခြုံရေး၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ဖွင့်ပွဲနှင့် အစည်းအဝေး အခမ်းအနားကျင်းပရေး၊ ပြန်ကြားရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေးစသည့် ကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ပေါင်းစပ်ဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့်ကိစ္စဖြစ်သည့်အတွက် လိုအပ်ချက်မရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

**(သတင်းစဉ်)**

# တစ်ရက် တန် ၅၀၀၀ ထုတ်လုပ်နိုင်မည့် ဘိလပ်မြေစက်ရုံ ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်နိုင်ရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ Myanmar Conch Cement Co., Ltd သို့ ငှားရမ်းထားသည့် အမှတ်(၃၃) အကြီးစားစက်ရုံ၏ တစ်နေ့ဘိလပ်မြေတန် ၅၀၀၀ ထုတ်လုပ်နိုင်မည့် တိုးချဲ့စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှုရပ် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများမှ စီမံကိန်းဝင် အကြီးစားစက်ပစ္စည်းများ အားလုံးတပ်ဆင်ပြီးဖြစ်ကြောင်း၊ တိုးချဲ့စက်ရုံစီမံကိန်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်နိုင်ရေးရည်မှန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းရှိအဓိက အရေးပါသည့်စက်ပစ္စည်းများ အားလုံးကို အရည်အသွေးမြင့်ပစ္စည်းများ အသုံးပြု၍ တည်ဆောက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းပြီးစီးပါက စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စက်ရုံမလည်ပတ်သေးသော်လည်း ထွက်ရှိလာမည့် ကုန်ချောများ ဖြန့်ဖြူးရောင်းချနိုင်ရန် ဂျာနယ်၊ သတင်းစာ၊ ရုပ်မြင်သံကြား၊ လက်ကမ်းစာစောင်၊ Billboard တို့ဖြင့် သုံးစွဲသူများသိရှိအောင် ကြော်ငြာထားရန်လိုကြောင်း၊ ဘိလပ်မြေများထုပ်ပိုးရန် ပလတ်စတစ်စက်ရုံ တည်ဆောက်မည့် အဆောက်အအုံပုံစံနှင့် ခန့်မှန်းရင်းနှီးမြှုပ်နှံမှု တန်ဖိုးများကို အမြန်ဆုံးတင်ပြရန်လိုကြောင်း၊ စီမံကိန်းပြီးစီးပါက ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် ဦးစားပေးခန့်ထားရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် စီမံကိန်းအတွင်းရှိ Limestone Crusher, Limestone Storage, Coal, Clay & Iron Ore Storage, Raw Proportioning Silos, Raw Mill, Rawmeal Silo,



**ကျောက်ဆည်စက်မှုနယ်မြေရှိ တစ်နေ့ ဘိလပ်မြေ တန် ၅၀၀၀ ထုတ်လုပ်နိုင်မည့် အမှတ်(၃၃) အကြီးစားစက်ရုံစီမံကိန်း။**

EP & Chimney, Preheater, Kiln, Cooler, Clinker Silo နှင့် Cement Grinding တို့ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် Control Room၊ စက်ရုံဓာတ်ခွဲခန်း၊ အရည်အသွေး စစ်ဆေးရေးဌာနနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်)သို့ ရောက်ရှိပြီး စက်ရုံအတွင်း မှန်ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်)မှ အရောင်မှန်၊ မှန်အကြည်များဖြစ်ကြသည့် ရိုးရိုးမှန်အကြည်များ၊ လွှာထပ်မှန်များ၊ အားဖြည့်မှန်နှင့်ကြည့်မှန် အမျိုးမျိုးတို့ကို တစ်နှစ်လျှင် တန်ချိန် ၄၀၀၀၀ ကျော် ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမေရိကန် မစ်ဆောရီ၊ အီလီနွိုက်စ်ပြည်နယ်များကို ရေလွှမ်းမိုး၊ အန္တရာယ်ရှိသောဒေသများတွင် လူ ကိုးသန်းရောက်နေ

**မစ်ဆောရီ ဇန်နဝါရီ ၁**

အမေရိကန်ပြည်ထောင်စု မစ်ဆောရီ၊ အာကန်ဆောနှင့် အရှေ့ အိုကလားဟိုးမားပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြင့်တက်လာ သောမြစ်ရေနှင့်အတူ အဆောက်အအုံအတော်များများ ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာ လူထောင်ပေါင်းများစွာ အိုးအိမ်များကို စွန့်ခွာခဲ့ရပြီးနောက် ဆက်လက် ရေကြီးမှုဖြစ်ပေါ်နိုင်သည့် အလားအလာများကြောင့် တန်နက်ဆီနှင့် တောင်ဘက် အီလီနွိုက်စ်ပြည်နယ်များရှိ မြို့များတွင် ဒီဇင်ဘာ ၃၁ ရက် ကြာသပတေးနေ့က အရေးပေါ်ပြင်ဆင်မှုများ ပြုလုပ်ထားရကြောင်း ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဒီဇင်ဘာ ၃၁ ရက်အထိ အမေရိကန်နိုင်ငံတစ်ဝန်း လူပေါင်း ၉ ဒသမ ၃ သန်း ရေဘေးသင့်ဒေသများတွင် ရောက်နေသောကြောင့် ရေကြီးမှုအန္တရာယ် သတိပေးချက်များ ထုတ်ပြန်ခဲ့ရသည်။ ရေကြီးမှုဒဏ်ကို ဒီဇင်ဘာ ၃၀ ရက်တွင် လူပေါင်း ၁၂ ဒသမ ၁သန်း ခံစားခဲ့ရသည်။

ဖြစ်တောင့်ဖြစ်ခဲ ဆောင်းရာသီရေကြီးမှုများကြောင့် အမေရိကန် ပြည်ထောင်စု အလယ်တစ်ကြောတွင် အနည်းဆုံး လူပေါင်း ၂၈ ဦး သေဆုံးခဲ့ ကြောင်း တာဝန်ရှိသူများကပြောသည်။ ပုံမှန်အားဖြင့် အမေရိကန် အလယ် တစ်ကြောတွင် နှင်းခဲပျော်မြစ်ရေများကြောင့် ရေကြီးမှုများဖြစ်ပေါ်တတ်ကြောင်း သိရသည်။

တန်နက်ဆီပြည်နယ်မှ ပြည်သူများသည် ဒီဇင်ဘာ ၃၁ရက်က မစ္စစ္စပီ မြစ်ရေမြင့်တက်လာမှုကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရကြောင်း သိရသည်။

"မစ္စစ္စပီမြစ်ရေ မြင့်တက်လာမယ့်အလားအလာရှိတာကြောင့် ပစ္စည်းပစ္စယ တွေ မြင့်မြင့်ကို ရွှေ့ပြောင်းထားရပါတယ်" ဟု ယင်းဒေသအနီးနေထိုင်သူ တစ်ဦးက ပြောသည်။

"ရေတွေက အမေရိကန်တောင်ဘက်တစ်ကြောကို ရောက်လာပြီ၊ အဲဒီ အတွက် ကြိုတင်ပြင်ဆင်ထားရမယ်" ဟု ရွေးချယ်ခံ ဒုတိယမြို့တော်ဝန် ဘီလီနမ်ဂက်ဆာက စီအင်န်အင်န်သတင်းဌာနသို့ပြောခဲ့သည်။

"ဒါဟာ စိုးရိမ်စရာကောင်းတဲ့ကိစ္စပဲ။ ဆောင်းရာသီရဲ့အစပဲရှိသေးတယ်။ အရင်က ဒါမျိုးတစ်ခါမှမတွေ့ဖူးဘူး" ဟု ၄င်းကဆက်လက်ပြောကြားခဲ့သည်။



**အမေရိကန်ပြည်ထောင်စု မစ်ဆောရီပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြင့်တက်လာသောမြစ်ရေနှင့်အတူ ရေနစ်မြုပ်နေသောဒေသများကို တွေ့ရစဉ်။**

မစ္စစ္စပီမြစ်ရေသည် အချို့မြို့များကို လွှမ်းမိုးထားကြောင်း သိရသည်။ စိန့်လူးဝစ်အနောက်ဘက် မြစ်နှစ်စင်းသည်လည်း သမိုင်းဝင်ရေကြီးရေလျှံမှု များဖြစ်ပေါ်လျက်ရှိသည်။ ရေဆိုးစွန့်ပစ်စက်ရုံများလည်း ရေကြီးမှုများကြောင့် လုပ်ငန်းများရပ်တန့်ခဲ့ကာ လူရာပေါင်းများစွာ ၄င်းတို့၏နေအိမ်များကို စွန့်ခွာခဲ့ရကြောင်း သိရသည်။ **(ရိုက်တာ)**

# နှစ်သစ်ကူးမီးပန်းပွဲတော်ပြသခါနီး ဒူဘိုင်းဟိုတယ်တစ်လုံးတွင် မီးလောင်မှုဖြစ်ပွား၊ လူ၁၆ဦး ဒဏ်ရာရ

**ဒူဘိုင်း ဇန်နဝါရီ ၁**

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့လယ်ရှိ အထပ်မြင့်ဇိမ်ခံဟိုတယ်တစ်လုံးတွင် ဒီဇင်ဘာ ၃၁ ရက်က မီးလောင်မှုဖြစ်ပွားသောကြောင့် အနည်းဆုံး လူ ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အထပ်ပေါင်း ၆၃ ထပ်ရှိသော အက်ထရပ်စ် မြို့လယ် ဒူဘိုင်းဟိုတယ်၏ အထပ် ၂၀ တွင် မီးစတင် လောင်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောသည်။ မီးတောက်များသည် အဆောက်အအုံ၏ အပြင်ဘက်တွင် ပျံ့နှံ့လောင်ကျွမ်းပြီး အဆောက်အအုံထဲသို့ ဝင်ရောက်ခြင်းမရှိရန် မီးထိန်းချုပ်စနစ်ဖြင့် ကာကွယ်နိုင်ခဲ့ကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားသည်။

မီးသည် ဒေသစံတော်ချိန် ညနေ ၉ နာရီခွဲ (ဂရင်းနစ်စံတော်ချိန် ၁၇း၃၀)တွင် လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

မီးသတ်အဖွဲ့လေးဖွဲ့ခန့်က မီးလောင်မှုကို ငြိမ်းသတ်နိုင်ခဲ့ပြီး မီးသတ်သမားများနှင့် လူနာတင်ယာဉ်များလည်း ဒဏ်ရာရသူများကို ကူညီခဲ့ကြသည်။

ဒေသခံများနှင့် နိုင်ငံခြားသားများက နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်မီးပန်းပစ်လွှတ်ခြင်းကို ကြည့်ရှုရန် ယင်းအဆောက်အအုံနားတွင် စုရုံးရောက်ရှိနေစဉ် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နှစ်သစ်မီးပန်းပစ်လွှတ်ခြင်းကို ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံဖြစ်သည့် ဘာဂျ်ခါလီဖာအဆောက်အအုံတွင် ပစ်လွှတ်ရန် စီစဉ်ထားရှိပြီး ယင်းအဆောက်အအုံသည် မီးလောင်မှုဖြစ်ပွားသော အဆောက်အအုံအနီးတွင်ရှိကြောင်း သိရသည်။



**အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့လယ်တွင် ဒီဇင်ဘာ ၃၁ ရက် ညနေက နှစ်သစ်ကူးမီးပန်းပွဲတော် ပြသခါနီးအချိန်တွင် မီးလောင်နေသော ဇိမ်ခံ အက်ထရပ်စ်မြို့လယ် ဒူဘိုင်းဟိုတယ်ကို တွေ့ရစဉ်။** (ဆင်ဟွာ)

**(အင်န်အိတ်ချ်ကေ)**

# အကြမ်းဖက်ဝါဒကိုအဆုံးသတ်ရန် အာဖဂန်နစ္စတန်သမ္မတပြော

**ကဘူးလ် ဇန်နဝါရီ ၁**

လာမည့်လတွင် တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စတင်ရန်အတွက် အကြမ်းဖက်ဝါဒကို အဆုံးသတ်ရမည်ဖြစ်ကြောင်း အာဖဂန် သမ္မတ အက်ရှ်ဂါနီက ပြောကြားလိုက်သည်။

တာလီဘန်ခေါင်းဆောင် မိုဟာမက်အိုမာသေဆုံးကြောင်း အတည်ပြု သတင်းများထွက်ပေါ်ခဲ့ပြီး ဇူလိုင်လအတွင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုတစ်ရပ်အဖြစ် ဇန်နဝါရီ ၁၁ ရက်တွင် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ တရုတ်နှင့် အမေရိကန်နိုင်ငံတို့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

တာလီဘန်အချင်းချင်း သွေးထွက်သံယို တိုက်ခိုက်နေခြင်းဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲအောင်မြင်မှုအလားအလာမှာ မှေးမှိန်သွားနိုင်ကြောင်း အာဖဂန် သမ္မတက သတိပေးပြောကြားလိုက်သည်။

အိုမာ၏လက်ထောက် မူလာဘတ်ခ်တာမန်ဆိုးယားသည် ဇူလိုင်လက တာလီဘန် ခေါင်းဆောင်ဖြစ်လာခဲ့သော်လည်း အချို့သောစစ်သွေးကြွများက ၄င်းကိုလက်မခံဘဲရှိရာ အိုမာသေဆုံးမှုအတွက် သံသယရှိနေသည်ဟု ဆိုသည်။

အမေရိကန်နှင့် တရုတ်တို့က လာမည့်လတွင် တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်စရန် လိုလားလျက်ရှိသော်လည်း ကဘူးလ်နှင့် အစ္စလမ္မာဘတ်တို့ကမူ တာလီဘန်အချင်းချင်း တိုက်ခိုက်မှုများဖြစ်ပွားလာမည်ကို သံသယဖြစ်နေကြဆဲဖြစ်သည်။

**(ရိုက်တာ)**



**အာဖဂန်သမ္မတ အက်ရှ်ဂါနီ ကဘူးလ်မြို့ သတင်းစာရှင်းလင်းပွဲ၌ မိန့်ခွန်းပြောကြားစဉ်။**

# ဂျာမနီနိုင်ငံက ခိုလှုံခွင့်တောင်းခံမှုများအား သေချာစွာစစ်ဆေးမည်

**ဘာလင် ဇန်နဝါရီ ၁**

ဂျာမနီနိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံသားများအား အလိုအလျောက် ဝင်ရောက်ခိုလှုံခွင့်ပြုသည့် မူဝါဒကို ပြန်လည်သုံးသပ်သည့်အနေဖြင့် သောကြာနေ့မှစတင်ကာ ဆီးရီးယားခိုလှုံသူများအား တစ်ဦးချင်းကြားနာစစ်ဆေးမှုများကို စတင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံသားများအား ၂၀၁၄ ခုနှစ်အကုန်တွင် အလိုအလျောက်ဝင်ရောက်ခိုလှုံမှုကို အဆုံးသတ်ခဲ့ပြီးနောက် တစ်ဦးချင်းကြားနာစစ်ဆေးမှုဖြင့် ခွင့်ပြုပေးလျက်ရှိသည်။

ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် ဥရောပသို့ တိုက်ခိုက်မှုများပြုလုပ်ရန် အိုင်အက်စ်စစ်သွေးကြွများအား မှောင်ခိုရန်ခွင့်ပြုနေခြင်းဖြစ်ကြောင်း ဝေဖန်သူများက ပြောဆိုလျက်ရှိသည်။ ဂျာမနီနယ်စပ်တစ်လျှောက် ရွှေ့ပြောင်းနေထိုင်သူများ ဝင်ရောက်လာခြင်းကို ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံအနေဖြင့် ပဋိပက္ခကြောင့် ထွက်ပြေးလာသူများအား ခိုလှုံမှုပေးသည့်တာဝန်ကို ဆောင်ရွက်နေကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်က ထပ်လောင်းပြောကြားသည်။ သို့သော်လည်း နိုဝင်ဘာ ၁၃ ရက် ပါရီ တိုက်ခိုက်မှုတွင် အသေခံဗုံးခွဲ တိုက်ခိုက်သူနှစ်ဦးထံမှ ဆီးရီးယားနိုင်ငံကူးလက်မှတ်အတုများတွေ့ရှိခဲ့ပြီးနောက် ခိုလှုံခွင့်ကိုပြန်လည်သုံးသပ်ရန် ဂျာမနီအစိုးရက ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ **(ရိုက်တာ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဗိုလ်စွဲ

နေပြည်တော် ဇန်နဝါရီ ၁

**(၅၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်ကြသူများ (၅၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကြည့်ရှု အားပေးစဉ်။ (မြဝတီ)

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ အကြိတ်အနယ်ယှဉ်ပြိုင်တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ ခြေရည်တူစွာ တစ်ဖက်နှင့်တစ်ဖက် အနိုင်မခံ အရှုံးမပေးသည့်စိတ်ဓာတ်များဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြရာ ပွဲအပြီးတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းကို ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်သားလွှတ်တော်ကိုယ်စား လှယ်များ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) ရုံး/ဌာနများနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ တပ်နယ်များမှအရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တပ်မတော် ဘောလုံးအကယ်ဒမီမှ သင်တန်းသားများနှင့် အားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်အားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ (ခ) အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသော အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် အသင်းနှင့် (က) အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသော မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်း တို့အား ငွေသားဆုနှင့် တစ်ဦးချင်းဆုများကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက လည်းကောင်း၊ (ခ) အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် အသင်းနှင့် (က) အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့အား ငွေသားဆုနှင့် တစ်ဦးချင်းဆုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးက လည်းကောင်း၊ (ခ) အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဃ) အသင်းအားတစ်ဦးချင်းဆုများ၊ (က) အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တစ်ဦးချင်းဆုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေကလည်းကောင်း ဆုများ ချီးမြှင့်သည်။



ဆက်လက်၍ (ခ)အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံး ရရှိသည့် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် အသင်းနှင့် (က)အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးရရှိသည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း တို့အား ဆုဖလားနှင့် ငွေသားဆုများကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လည်းကောင်း၊ (ခ) အဆင့်ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးရရှိသူများအား ဆုကလပ်နှင့် ငွေသားဆုများကို ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က လည်းကောင်း၊ (က)အဆင့်ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးရရှိသူများအား ဆုကလပ်နှင့် ငွေသားဆုများကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ (ခ)အဆင့်တွင် ပထမဆုရရှိသော ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ဃ) အသင်းအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဎင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ (က)အဆင့်တွင် ပထမဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ (၅၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ (က)အဆင့်ပြိုင်ပွဲနှင့် (ခ)အဆင့်ပြိုင်ပွဲခွဲခြားကာ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက်ဇုန်များ ခွဲ၍လည်းကောင်း၊ ဒုတိယအဆင့် ရှုံး/ထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲများအား နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ဒီဇင်ဘာ ၁၃ ရက်မှ စတင်၍ (က)အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲဝင် အသင်း ရှစ်သင်းစီဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး ယနေ့တွင် ဗိုလ်လုပွဲ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

## နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်လျာထားချက် ရေးဆွဲရေးအတွက် အကြံပြုချက်များဖိတ်ခေါ်

**နေပြည်တော် ဇန်နဝါရီ ၁**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်လျာထားချက် (National Table of Frequency Allocation) ကို ပြန်လည်ရေးဆွဲရန် အများပြည်သူ၏ သဘောထားမှတ်ချက်တောင်းခံခြင်း (Public Consultation) ပြုလုပ်လျက်ရှိပါသည်။ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် နည်းပညာဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mcit.gov.mm/news/ptd-news တွင် ဖော်ပြထားပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ နောက်ဆုံးထား၍ အကြံပြုချက်များ တောင်းခံလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

❖ *ကျော့ဖုံးမှ*

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် မိတ်ဖက်အဖွဲ့များဖြစ်သော ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပါဝင်ကာ Public-Private Partnership အသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လာမည့် ၂၀၁၆×၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် Grid-Extension စနစ်ဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျေးရွာပေါင်း ၂၂၃၂ ရွာ၊ Off-Grid မီးလင်းရေးစနစ်ဖြင့် ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကျေးရွာပေါင်း ၁၈၀၈ ရွာ စုစုပေါင်း ကျေးရွာ ၄၀၄၀ အား မီးလင်းပေးသွားမည်ဖြစ်သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ပြီးဆုံးပါက နိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၆၃၈၉၉ ရွာတွင် ၅၆ ဒသမ ၅ ရာခိုင်နှုန်း မီးလင်းပေးနိုင်မည် ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ ၂၂၄၅ ရွာ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျေးရွာ ၆၄၅ ရွာ စုစုပေါင်းကျေးရွာ ၂၈၉၀ အား မီးလင်းပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ထိ နိုင်ငံတစ်ဝန်းမှ ကျေးရွာပေါင်း ခြောက်သောင်းသုံးထောင်ကျော်တွင် ကျေးရွာစုစုပေါင်း ၂၉၀၁၈ ရွာ အားမီးလင်းပေးခဲ့ပြီးဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၏ ကိန်းဂဏန်းများအရ သိရသည်။ တစ်နိုင်ငံလုံးမီးလင်းရေး National Electricfiacation Project အား လာမည့် ၂၀၃၀ ပြည့်နှစ်တွင် အပြီးဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မိုးလေဝသ အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁

**ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။**

**မြန်မာ့ပင်လယ်ပြင်ခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။**

(မိုး/ဇလ)

# ကျွန်မတို့ လျှောက်နေတဲ့ လမ်းကလေး

မေသံလွင်

**ကျွန်မတို့ရဲ့ဘဝတစ်လျှောက်လုံးမှာ လမ်းတွေလျှောက်ခဲ့ရတယ်၊ လျှောက်နေကြတယ်၊ လျှောက်ကြရဦးမယ်၊ ဒါပေမယ့် ကိုယ်လျှောက်မယ့်လမ်းရဲ့ ချောမွေ့မှု၊ ပြေပြစ်မှု၊ ကြမ်းတမ်းမှု၊ ခက်ခဲမှုဆိုတာကတော့ ရွေးချယ်လို့ရချင်မှရပါလိမ့်မယ်။ ချောမွေ့ပြေပြစ်တဲ့လမ်းကို လျှောက်ရပေမယ့် စိတ်ပျော်ချင်မှ ပျော်နိုင်မှာပါ။ လမ်းကြမ်းကြမ်းကိုလျှောက်ပြီး ပျော်နေတတ်တာမျိုးလည်း ရှိမှာပါပဲ။ ကိုယ့်လမ်းကိုယ်ဖောက်လို့ လျှောက်ရရင်တောင် သေချာတဲ့ပန်းတိုင်တစ်ခုရှိရင် မောရမှန်း မသိတာမျိုးလည်း တွေ့ရတတ်ပါတယ်။**

အခုကျွန်မတင်ပြချင်တဲ့ လမ်းကလေးကတော့ ကျွန်မတို့နိုင်ငံအတွက် **ရွှေရောင်အနာဂတ်ပန်းတိုင်တစ်ခုဆီကို ဦးတည်နေတဲ့ လမ်းကလေး**မို့ ကြမ်းချင်ကြမ်းမယ်၊ ခက်ခဲချင်ခက်ခဲမယ်၊ ဆူးပြောင့်တွေ ထူပြောချင် ထူပြောပါလိမ့်မယ်။ ဒါပေမယ့် မလျှော့သောဇွဲလုံ့လနဲ့ လျှောက်လှမ်းကြရမှာဖြစ်တဲ့ အဲဒီလမ်းကလေးအကြောင်းကို မိတ်ဆက်ပေးချင်ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ စီးပွားရေးလုပ်ငန်းတွေကို လေ့လာလိုက်တော့ SME ဆိုတဲ့ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတွေကိုပဲ ကျောရိုးမဏ္ဍိုင်ပြုထားတာကို တွေ့ရပါတယ်။ နိုင်ငံတစ်ခုနဲ့တစ်ခု SME ရဲ့ အဓိပ္ပာယ်သတ်မှတ်ပုံ ဘယ်လိုပဲကွဲကွဲ၊ SME တွေကို စဉ်းစားပေးခြင်းဟာ အဲဒီနိုင်ငံရဲ့ စီးပွားရေးနယ်ပယ်ကြီးတစ်ခုလုံးအတွက် စဉ်းစားတာနဲ့အတူတူပဲ ဖြစ်တယ်ဆိုတာ သိလာရပါတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေကစလို့ ကျွန်မတို့နိုင်ငံအပါအဝင်ထိ စီးပွားရေးလုပ်ငန်းအားလုံးရဲ့ ပျမ်းမျှ ၉၀ ရာခိုင်နှုန်းခန့်ဟာ SME တွေ ဖြစ်နေပြန်တော့ နိုင်ငံအစိုးရတိုင်းဟာ SME တွေကို ပြုစုပျိုးထောင်ပေးကြပါတယ်။

ကျွန်မတို့ရဲ့ စက်မှုဝန်ကြီးဌာနအောက်မှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို (၄-၄-၂၀၁၂) ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးက SME တွေကို ထောက်ပံ့ကူညီခဲ့ပါတယ်။ (၁-၅-၂၀၁၄)ရက်နေ့မှာတော့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာရှိကြတဲ့ SME တွေကို အနီးကပ်ထောက်ပံ့ကူညီမှုပေးဖို့ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတွေဖွင့်လှစ်ပြီး ကျွန်မတို့ကို တာဝန်ပေးအပ်ခဲ့ပါတယ်။ ဒီလိုနဲ့ပဲ ဒီလမ်းကလေးကို စတင်လျှောက်လှမ်းဖြစ်ခဲ့ပါတယ်။

ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ကျွန်မတို့နိုင်ငံမှာ ချောမွေ့ပြေပြစ်ပြီး အဆင်သင့်ခင်းထားနိုင်တဲ့ လမ်းတော့မဟုတ်ခဲ့ပါဘူး။ ဒါပေမယ့် ဒီခရီးကို လျှောက်ရတဲ့လမ်းမှာ တွေ့မယ့်အခက်အခဲအတားအဆီးမှန်သမျှကို ရင်ဆိုင်ဖြေရှင်းပြီး လမ်းကလေးချောမွေ့အောင် စုပေါင်းညီညွတ်အားနဲ့ ဆောင်ရွက်ရင် ပန်းတိုင်ဆီရောက်ရမယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနကို ကျွန်မတို့နိုင်ငံမှာ ၂၀၁၂ ခုနှစ်မှ စတင်ဖွင့်လှစ်ပေမယ့် နိုင်ငံတော်အနေနဲ့ ယခင်ကတည်းက SME နဲ့ပတ်သက်တဲ့ ပြည်ပအတွေ့အကြုံတွေရယူဖို့ စီစဉ်ဆောင်ရွက်ထားခဲ့ပါတယ်။

၂၀၀၈ ခုနှစ် နိုဝင်ဘာလမှာ ကိုရီးယားနိုင်ငံမှာပြုလုပ်တဲ့ **အာရှနိုင်ငံများ၏ အသေးစားနှင့် အလတ်စားဆိုင်ရာ မန်နေဂျာသင်တန်း**ကို ကျွန်မတက်ရောက်ခွင့်ရခဲ့ပါတယ်။ ကိုရီးယားနိုင်ငံ SME တွေရဲ့ အခန်းကဏ္ဍကို သေချာတွေ့ရတဲ့အခါ ကိုယ့်နိုင်ငံကSME တွေကို ဖွံ့ဖြိုးတိုးတက်စေချင်တဲ့ ဆန္ဒနှင့်အတူ စိတ်ကူးယဉ်အိပ်မက်တွေ အခါခါမက်ခဲ့မိပါတယ်။

ကျွန်မတို့နိုင်ငံအနေနဲ့ အာဆီယံစီးပွားရေး အသိုက်အဝန်းရဲ့ တတိယ ဒေါက်တိုင်ဖြစ်တဲ့ **"စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျှတသောဒေသဖြစ်ရေး"**ကို ဦးတည်ဆောင်ရွက်နေပါတယ်။ ကျွန်မကတော့ ပထမဦးဆုံး မြို့ကြီးနှင့် နယ်မြို့တွေ၊ မြို့ပြနှင့် ကျေးလက်တွေကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျှတတဲ့ ဒေသဖြစ်စေချင်လှတယ်။

ကျွန်မတို့နယ်မြို့တွေမှာ လုပ်ငန်းရှင်တွေအနေနဲ့ မိဘလက်ငုတ်လက်ရင်းကို လုပ်ကိုင်နေကြတာများပြီး ကိုယ့်လက်ထက်မှာ ဘယ်လိုပြုပြင်ပြောင်းလဲရမယ်ဆိုတာကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်မှုအားနည်းပါတယ်။

ပိုင်ရှင်ကိုယ်တိုင်က စီမံခန့်ခွဲအုပ်ချုပ်သူ မန်နေဂျာဖြစ်နေတတ်ပြီး သီးခြားခန့်အပ်တာဝန်ပေးထားတဲ့ ဝန်ထမ်းမန်နေဂျာဆိုတာ နည်းပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မန်နေဂျာကောင်းတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးရှိဖို့ လိုအပ်ပါတယ်။ ပိုင်ရှင်ကိုယ်တိုင် စီမံခန့်ခွဲတာဆိုရင် "သူ့အရပ်နဲ့ သူ့ဇာတ်" ဆိုတာလို ကိုယ့်သဘောနဲ့ကိုယ်လုပ်ပြီး လုပ်ငန်းရဲ့အဓိကအင်အားတွေကို စနစ်တကျထိန်းချုပ်နိုင်စွမ်းတွေ အားနည်းတာကိုလည်း တွေ့ရပါတယ်။ လက်တွေ့ကူညီထောက်ပံ့မှုတွေနဲ့အတူ အသိပညာပေးဆွေးနွေးနိုင်ဖို့ ကျွန်မတို့ ကြိုးစားဆောင်ရွက်ရပါတယ်။

ဒါ့အပြင် စွန့်ဦးတီထွင်မှုတွေနည်းနေသေးပြီး မိရိုးဖလာလုပ်ငန်းကို လုပ်ကိုင်ကြတာများတော့ အလုပ်သမားတွေရဲ့ အရည်အသွေးတိုးတက်စေမယ့် သင်တန်းတွေအားနည်းတာ၊ သမားရိုးကျလမ်းဟောင်းနဲ့ပဲ စီးပွားဖြစ်နေတော့ ထပ်ပြီးငွေကုန်ရမှာ ကြောက်နေတာ၊ အလုပ်သမားကို ဆွဲဆောင်စည်းရုံးမှု အားနည်းတာတွေကို တွေ့နေရပါတယ်။ အလုပ်သမားတွေရဲ့ဘဝကို မြှင့်တင်ပေးမှသာ ကုန်ထုတ်စွမ်းအားတွေ၊ ဝန်ဆောင်မှုတွေ တိုးတက်ကောင်းမွန်ပြီး ကိုယ့်လုပ်ငန်း ပိုမိုတိုးတက်စေနိုင်တယ်ဆိုတဲ့ အတွေးအခေါ်တွေကိုလည်း မီးမောင်းထိုးပြရပါတယ်။

မိမိတို့လုပ်ငန်းကို အကြောင်းပြုလို့ လမ်းပန်းဆက်သွယ်ရေးတွေ ပိုကောင်းလာမယ်။ ရေကြည်ရာမြက်နုရာကို မှီခိုလာကြပြီး အလုပ်အကိုင်အခွင့်အလမ်းတွေရလာမယ်။ ဝင်ငွေတွေတိုး၊ စီးပွားတွေတိုးပြီး ဒေသဖွံ့ဖြိုးလာမယ်။ နိုင်ငံတော်မှာလည်း အခွန်တွေရလာမယ်။ ဒါပေမယ့် ကိုယ့်လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်တွေ၊ သဘာဝရင်းမြစ်တွေကို မထိခိုက်အောင် ဆောင်ရွက်ဖို့လည်း အရေးကြီးတယ်ဆိုတာ သိကြရမယ်။ ဒါမှသာ သားစဉ်မြေးဆက် အဓွန့်ရှည်တည်တံ့နိုင်မယ်ဆိုတဲ့ သဘောတရားတွေကို နားလည်ဖို့ လိုအပ်ပါတယ်။

စီးပွားရေးလုပ်ငန်းတစ်ခုကို လေ့လာစဉ်းစားတဲ့အခါ အဲဒီလုပ်ငန်းသာမက လုပ်ငန်းအပေါ်မှာ တိုက်ရိုက်ပဲဖြစ်ဖြစ်၊ သွယ်ဝိုက်လို့ပဲဖြစ်ဖြစ် အကျိုးသက်ရောက်မှုရှိစေနိုင်တဲ့သူတွေကိုပါ ထည့်သွင်းစဉ်းစားရမှာဆိုတော့ ကျယ်ပြန့်လှပါတယ်။ ထုတ်လုပ်သူတွေသာမက ဝယ်ယူသုံးစွဲသူတွေ၊ စီမံအုပ်ချုပ်သူတွေ၊ ဝန်ထမ်းတွေ၊ အလုပ်သမားတွေ၊ သွင်းအားစုတွေ၊ ငွေကြေးရင်းမြစ်တွေပါ ပါမယ်။ နိုင်ငံတော်အနေနဲ့လည်း ထိပ်ဆုံးကပါနေမှာပါ။ နောက်ပြီး အဲဒီကုန်ပစ္စည်းဟာ ပြည်ပဈေးကွက်ထိရောက်သလား၊ ပြည်တွင်းဈေးကွက်ကိုပဲ အားပြုနေရတာလား၊ ပြည်ပကိုရောက်ဖို့ အလားအလာရှိသလားဆိုတာတွေအပြင် လုပ်ငန်းတည်ရှိရာဒေသရဲ့ အကြောင်းအရာတွေအထိ ထည့်သွင်းစဉ်းစားရပါတယ်။

SME တွေကို ကူညီထောက်ပံ့ဖို့ဆိုတာ လုပ်ငန်းရဲ့လက်ရှိအခြေအနေနဲ့ လိုအပ်ချက်တွေကို သိရပါမယ်။ ဒါ့အပြင် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ လုပ်သားအခြေပြုစသည်ဖြင့် လုပ်ငန်းအုပ်စုခွဲပြီး အတိအကျ

> **SME တွေအနေနဲ့ လုပ်ငန်းရဲ့အားသာချက်၊ အားနည်းချက်တွေကို သူတို့ကိုယ်တိုင်သိဖို့၊ အခွင့်အလမ်းတွေ စိန်ခေါ်မှုတွေကို ခွဲခြမ်းစိတ်ဖြာတတ်ဖို့၊ အတွေ့အကြုံ၊ နည်းစနစ်နဲ့ အတတ်ပညာတွေရှာဖွေဖို့ အသိပညာတွေ လိုပါတယ်။ ဘာမှမလုပ်နိုင်သေးရင်တောင် ကိုယ့်လုပ်ငန်းကို ခွဲခြမ်းစိတ်ဖြာလေ့လာထားရင် ပြည်တွင်း ပြည်ပ ထောက်ပံ့မှုတွေရလာတဲ့အခါ ကိုယ်ဘာကိုတောင်းဆိုရမလဲ၊ ဘယ်လိုပူးပေါင်းနိုင်မလဲဆိုတာ သိလာမှာဖြစ်တယ်။**

သိရပါမယ်။ တိုင်းဒေသကြီး၊ ပြည်နယ်တွေသာမက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ကျေးလက်တွေအထိ လက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်မှ တိကျမှန်ကန်မှာပါ။

ဒီအလုပ်ဟာ လူအင်အား၊ ငွေအင်အားသာမက အချိန်နဲ့လုပ်ပိုင်ခွင့်၊ ဒေသဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ကူညီထောက်ပံ့မှုတွေ လုံလောက်မှသာ အပြည့်အဝ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ SME တွေကိုကူညီဖို့ အခြေခံအကျဆုံးဖြစ်တဲ့ စာရင်းဇယားများ တိကျမှန်ကန်စွာကောက်ယူနိုင်ရေးဟာ ကျွန်မတို့အတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ပါပဲ။

ဒီကြားထဲကပဲ ကိုယ်လျှောက်မယ့်လမ်းကို အဆုံးထိလျှောက်နိုင်ဖို့ ကြိုးစားကြရပါတယ်။ ဝန်ထမ်းတွေအားလုံးက စေတနာအပြည့်နဲ့ ကြိုးစားဆောင်ရွက်ကြသလို ရောက်ရာဒေသက လုပ်ငန်းရှင်တွေကိုယ်တိုင်က ကျွန်မတို့ရဲ့ကြိုးစားမှုနဲ့ စေတနာကိုနားလည်ပြီး ပူးပေါင်းကူညီကြပြန်တော့ ခွန်အားတွေ ဖြစ်ခဲ့ရပါတယ်။

SME တွေ အများစုအနေနဲ့ သူတို့အဓိကလိုအပ်တာ ငွေကြေးပဲလို့ ထင်မှတ်နေကြတယ်။ ငွေရှိရင် အရာရာအောင်မြင်မယ်လို့ ထင်နေတယ်။ တကယ်တော့ လုပ်ငန်းလည်ပတ်ဖို့ စက်ပစ္စည်း၊ ကုန်ကြမ်း၊ ဝန်ထမ်းစရိတ်၊ ဈေးကွက်မြှင့်တင်ရေး၊ ထုတ်ကုန်ပစ္စည်းတွေ အရည်အသွေးမြှင့်တင်ရေးတို့အတွက် ငွေကြေးလိုတာမှန်ပေမယ့် စီမံခန့်ခွဲမှုတွေ၊ စွမ်းဆောင်ရည်တွေ မကောင်းရင် မအောင်မြင်နိုင်ပါဘူး။

ကျွမ်းကျင်လုပ်သား၊ နည်းပညာ၊ လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက်၊ ဈေးကွက်ဝေစု၊ လမ်းပန်းဆက်သွယ်ရေး စတာတွေ အားလုံးပါ ဟန်ချက်ညီညီ ရှိရမယ်ဆိုတာကိုလည်း သဘောပေါက်ကြရပါမယ်။

အတိုးနှုန်းသက်သာတဲ့ SME ချေးငွေတွေ ထုတ်ချေးပေးနေပေမယ့် တကယ်ထိရောက်မှုရှိရဲ့လား၊ လုပ်ငန်းမှာအပြည့်အဝသုံးရဲ့လား။ အတိုးပဲ ပြန်ပေးနေသလား၊ အပေါင်ခံနေသလား၊ ကုန်တွေသိုလှောင်နေသလား၊ ဒီလိုတွေဆိုရင်တော့ မမှန်ကန်ပါဘူး။ လုပ်ငန်းတိုးတက်တာ မဟုတ်သလို အလုပ်အကိုင် တိုးပွားမှုလည်းမဖြစ်ပါဘူး၊ ငွေကြေးဖောင်းပွမှုပဲ ဖြစ်စေပါတယ်။ အဲဒီလို တလွဲသုံးတဲ့သူတွေကို ချေးမိရင်လဲ "ချစ်ရာမရောက်ဘဲ နှစ်ရာရောက်နေ"သလို၊ အချိန်တန်လို့ ပြန်မဆပ်နိုင်တဲ့အခါ အာမခံပစ္စည်းတွေဆုံးရှုံးမှုများနဲ့အတူ လမ်းမှားကိုရောက်ပြီး ပန်းတိုင်မရောက်မှာကို စိုးမိပါတယ်။ လက်တွဲပြုတ်ခဲ့မှာကို ပူပန်ရတယ်။

အခုအချိန်မှာတော့ နိုင်ငံတော်အနေနဲ့ လုပ်ငန်းရှင်ရဲ့ မရွှေ့ပြောင်းနိုင်တဲ့ အိမ်ခြံမြေပေါ်မှာပဲ အာမခံထားပြီး ချေးပေးနိုင်ပါသေးတယ်။ မကြာခင်မှာ စက်ပစ္စည်း၊ လုပ်ငန်းအလားအလာ၊ ငွေကြေးစီးဆင်းမှု၊ လုပ်ငန်းစီမံချက်တွေပြပြီး ငွေထုတ်ပေးတဲ့စနစ်ကိုရောက်ဖို့ မျှော်မှန်းလုပ်ဆောင်နေပါတယ်။ နိုင်ငံတော်ကလည်း SME ကဏ္ဍကို ပိုမိုပြီး အားပေးမြှင့်တင်မှုတွေ ဆောင်ရွက်နေတယ်။ စက်မှုဝန်ကြီးဌာနနဲ့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကလည်း ကျွန်မတို့ဝန်ထမ်းတွေသာမက မြို့ပြနဲ့ ကျေးလက်က SME တွေအထိ အဘက်ဘက်က တိုးတက်အောင် စီစဉ်ဆောင်ရွက်ပေးနေပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်လာရင် အလုပ်အကိုင်အခွင့်အလမ်းတွေများလာမယ်။ တစ်ဦးချင်းအခွင့်အလမ်းတွေလည်း များလာမှာဖြစ်သလို ပျောက်သွားမယ့် လုပ်ငန်းတွေလည်းရှိမှာပါ။ သူတို့ဆီက နည်းပညာ၊ အတွေ့အကြုံနဲ့ နည်းစနစ်တွေကို မလွတ်တမ်းယူနိုင်အောင် ကြိုးစားရမယ်ဆိုတဲ့ အသိရှိဖို့လိုပါတယ်။ အဲဒီအတွက် လူတစ်ဦးချင်းစီ၊ လုပ်ငန်းတစ်ခုချင်းစီမှာ အရည်အသွေးတွေ ပြည့်ဝနေဖို့ လိုပါလိမ့်မယ်။ စွန့်ဦးတီထွင်စိတ်ဓာတ်တွေ တိုးတက်ဖြစ်ပေါ်လာဖို့လည်း ဖန်တီးပေးရပါတယ်။

SME တွေအနေနဲ့ လုပ်ငန်းရဲ့ အားသာချက်၊ အားနည်းချက်တွေကို သူတို့ကိုယ်တိုင်သိဖို့၊ အခွင့်အလမ်းတွေ စိန်ခေါ်မှုတွေကို ခွဲခြမ်းစိတ်ဖြာတတ်ဖို့၊ အတွေ့အကြုံ၊ နည်းစနစ်နဲ့ အတတ်ပညာတွေ ရှာဖွေဖို့ အသိပညာတွေလိုပါတယ်။ ဘာမှမလုပ်နိုင်သေးရင်တောင် ကိုယ့်လုပ်ငန်းကို ခွဲခြမ်းစိတ်ဖြာလေ့လာထားရင် ပြည်တွင်း ပြည်ပထောက်ပံ့မှုတွေ ရလာတဲ့အခါ ကိုယ်ဘာကို တောင်းဆိုရမလဲ၊ ဘယ်လိုပူးပေါင်းနိုင်မလဲဆိုတာ သိလာမှာဖြစ်တယ်။

ဘယ်အရာမဆို အားသာချက်တွေရှိသလို အားနည်းချက်တွေလည်း ရှိမှာပါ။ အခွင့်အလမ်းတွေများပြားသလို စိန်ခေါ်မှုတွေကိုလည်း ကြုံတွေ့ရမှာပါပဲ။ ဒါပေမဲ့ **အားသာချက်**တွေကို တိုးမြှင့်အောင်ကြိုးစားပြီး **အားနည်းချက်**တွေကို တတ်နိုင်သမျှ ဖယ်ရှားတတ်အောင် လေ့ကျင့်ပေးကြရမယ်။ **အခွင့်အလမ်း**ကိုရှာဖွေပြီး မိမိတို့လုပ်ငန်းအတွက် အသုံးချနိုင်ရမယ်။ **စိန်ခေါ်မှု**တွေကို တားဆီးဖို့ နည်းလမ်းတွေ ရှာဖွေနေရမယ်။ ဒီလိုအရည်အချင်းတွေကို ပြုစုပျိုးထောင်ပြီး ဒီလမ်းကလေးမှာ ကျွန်မတို့အားလုံး ညီညီညာညာစုစည်းလို့ လက်တွဲညီညီ လျှောက်လှမ်းနိုင်ကြမယ်ဆိုရင်ဖြင့် **ရွှေရောင်ဝင်းတဲ့ ပန်းတိုင်သစ်ဆီကို လှမ်းချီနိုင်**ကြမှာပဲ မဟုတ်ပါလား။

## စလင်း၌ ကုလားပဲမျိုးယှဉ်ပြိုင်စမ်းသပ် တောင်သူပညာပေးကွင်းပြပွဲပြုလုပ်

**မင်းဘူး ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် နတ်တပ်ကျေးရွာအုပ်စုရှိ ကုလားပဲသီးနှံ(၂၅) စံပြကွက်နှင့် ACIAR Project အစီအစဉ်ဖြင့် ဆောင်ရွက်သော ကုလားပဲမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်တွင် ဒီဇင်ဘာ ၂၉ ရက်က တောင်သူပညာပေး ကျင်းပခဲ့သည်။

အဆိုပါကွင်းပြပွဲသို့ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်း၊ မကွေး ဆီထွက်သီးနှံသုတေသနခြံ မန်နေဂျာ ဦးသိန်းဌေးဦးတို့ တက်ရောက်အားပေးခဲ့ပြီး စလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ ကြည့်ရှုလေ့လာခဲ့ကြသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက်ရောက်လာသူများအား သက်လျင်မျိုးကောင်း မျိုးသန့်များသုံးစွဲ၍ ပိုးမွှားရောဂါ စနစ်တကျကာကွယ်နှိမ်နင်းရေးနှင့် ပဲမျိုးစုံသီးနှံတွင် ယူရီးယားလက်ချားရွက်ဖျန်းမြေသြဇာသုံးစွဲရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။ တက်ရောက်လာသော တောင်သူများအား စိုက်ပျိုးနည်းပညာပေး လက်ကမ်းစာစောင်များနှင့် ယူရီးယားလက်ချားတုတ်များဖြန့်ဝေပေးခဲ့ပြီး စိုက်ပျိုးခင်းများကို မျိုးခွဲအလိုက် အကဲဖြတ်သုံးသပ်လေ့လာခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။

**(မိုး/ဇလ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းတို့ကို လွှတ်တော်အတည်ပြု

နေပြည်တော် ဇန်နဝါရီ ၁

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ (ယာပုံ)နိုင်ငံတော်သမ္မတ၏ ပြည်ပခရီးစဉ်ကို မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းနှစ်ခု မှတ်တမ်းတင်ခြင်း၊ ကျေးရွာများတိုးတက်ပြင်ဆင်ခြင်းကို မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းသုံးခု လွှတ်တော်၏အတည်ပြုချက်ရယူခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းခြင်းနှင့် အစီရင်ခံစာတစ်ခု အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းသဝဏ်လွှာ၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူသည့် ပိုးသတ်ဆေးဥပဒေကြမ်း၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်း၊ ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၃၃ ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၂၇ ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်း၊ ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေကြမ်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းတို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။



ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ပထမခြောက်လပတ် အမျိုးသားစီမံကိန်း ဆောင်ရွက်မှုအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လွဲ့လွဲ့သိန်းက ဝန်ကြီးဌာနများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွင်း အမျိုးသားစီမံကိန်းဆောင်ရွက်မှု လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်မှုများအပေါ် အသေးစိတ်ရှင်းလင်းပြောကြားပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ်နှင့် ဘဏ္ဍာနှစ်တစ်နှစ်လုံး၏ အကောင်အထည်ဖော်မှုကို ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီက အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။ **(သတင်းစဉ်)**

# ကချင်ပြည်နယ်လွှတ်တော် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ



**မြစ်ကြီးနား ဇန်နဝါရီ ၁**

ကချင်ပြည်နယ်လွှတ်တော်၏ လွှတ်တော်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်ရှိ အဆိုပါအဆောက်အအုံသစ်၌ကျင်းပရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝင်းဗိုလ်ရှိန်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်အောင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးညိုမိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖရောင်းဂမ်နှင့် မနောရောဆောက်လုပ်ရေးကုမ္ပဏီ ဦးတင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကချင်ပြည်နယ်လွှတ်တော် အဆောက်အအုံဆိုင်းဘုတ်ကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြစ်ကြီးနားမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးရာ ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြသည်။

ထို့နောက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အဆောက်အအုံသစ်ဆောက်လုပ်သည့် မနောရောနှင့် ဘာမထီဆောက်လုပ်ရေးကုမ္ပဏီများ၊ အဆောက်အအုံသစ်ကို ကချင်ရိုးရာယဉ်ကျေးမှု ဗိသုကာပုံစံရေးဆွဲပေးသည့် ဒီဇိုင်းပညာရှင်များ၊ အဆောက်အအုံတွင် အလှဆင်ထားရှိသည့် ကျောက်စိမ်းတုံးကြီးများနှင့် ကျောက်စိမ်းဖြတ်သားများကို လှူဒါန်းပေးသည့် အလှူရှင်များနှင့် အလှဆင်ပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျ ခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကိုစိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ပါရဂူဘွဲ့သင်တန်းသို့ ပညာသင်နှစ်ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training)သို့ ပညာသင် ၁၄၉ ဦး စုစုပေါင်း ပညာသင် ၁၅၁ ဦးကို ပြည်ပနိုင်ငံ ၁၂ နိုင်ငံသို့ သွားရောက်ပညာသင်ဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဒီဇင်ဘာလအတွင်း နိုင်ငံ့ဝန်ထမ်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သို့ ပညာသင်အများဆုံးစေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁**

ထူးခြားသည့်ညအပူချိန်မှာ ပူတာအိုမြို့နှင့် ခန္တီးမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီ၊ ဟာခါးမြို့၊ ပင်လောင်းမြို့၊ မိုးမိတ်မြို့၊ လွိုင်လင်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

## မော်လမြိုင်ကျွန်းမြို့နယ် ထီဇာမိတ်-သံကြိုးတိုင်ဒေသဖွံ့ဖြိုးရေး ချောင်းကူးတံတားဖွင့်လှစ်

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁**

မော်လမြိုင်ကျွန်းမြို့နယ် ရေလိမ်ကျေးရွာအုပ်စု ထီဇာမိတ်-သံကြိုးတိုင်ဒေသဖွံ့ဖြိုးရေး ချောင်းကူတံတားဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၇နာရီခွဲက ထီဇာမိတ်-သံကြိုးတိုင်ချောင်းကူးတံတား ရှေ့မျက်နှာစာ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးကို၊ တံတားတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်နှင့် ဂျပန်နိုင်ငံရှိ ကုမ္ပဏီတစ်ခုမှ အလှူရှင် မာစုကူရ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်း ထီဇာမိတ်-သံကြိုးတိုင် ချောင်းကူးတံတားကို ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမှ ငွေကျပ် သိန်း ၄၀ ၊ဂျပန်နိုင်ငံ မန်းဒဟာက်ကိုးကုမ္ပဏီက ငွေကျပ်၂၅ သိန်းနှင့် ဒေသခံပြည်သူများက ငွေကျပ် ၁၂ သိန်း စုစုပေါင်း ငွေကျပ် ၇၇ သိန်းဖြင့် တည်ဆောက်ခဲ့သော ချောင်းကူးတံတားဖြစ်သည်။

အဆိုပါဒေသဖွံ့ဖြိုးရေး ထီဇာမိတ်- သံကြိုးတိုင်ချောင်းကူးတံတား ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ရေလိမ်၊ သံကြိုးတိုင်၊ ထီဇာမိတ်၊ တန့်ဖူ၊ ကွမ်းခြံချောင်းနှင့် အောင်လှိုင်ဒေသခံပြည်သူများ တစ်ရွာမှတစ်ရွာသို့ သွားလာရေး အဆင်ပြေလွယ်ကူသွားသည့်အပြင် မော်လမြိုင်ကျွန်း-မအူပင်အဝေးပြေး မော်တော်ကားလမ်းသို့ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

ယင်းထီဇာမိတ်-သံကြိုးတိုင် ချောင်းကူးတံတားသည် တံတားအရှည်ပေ ၉၀၊ တံတားအကျယ်ရှစ်ပေ၊ တံတားအမြင့် ၁၅ ပေရှိသော သံကူးကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်မှုအောက်ရှိ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်းနှင့် မြန်မာနိုင်ငံ ငါး/ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းများ၏ နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့ဝန်ဆောင်မှု (OSS)ရုံးဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှု (OSS)ရုံး ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ပြည်သူများ၏ နေ့စဉ်လိုအပ်ချက်များကို ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❊ ရှေ့ဖုံးမှ

ရောက်ရှိကြရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ ဓနုနှင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါ ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဖွင့်ပွဲအထိမ်းအမှတ်စကား ပြောကြားရာတွင် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မိမိတို့အစိုးရ ကာလအတွင်း (၁၀)ခုမြောက် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့် စီမံကိန်းဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ ဇော်ဂျီဆည်ရေသောက်ဧရိယာ ဧက ၈၂၀၀၀ ကို စိုက်ပျိုးရေ လုံလောက်စွာ ဖြည့်တင်းပေးဝေနိုင်မည်ဖြစ်ပြီး ပူပြင်းခြောက်သွေ့သည့် မိတ္ထီလာလွင်ပြင်ဒေသအတွင်းရှိ မြေဧရိယာ ဧက ၃၃၀၀၀ ကို စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် တပ်ဆင်အသုံးပြုမည့် ၁၅ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေး စက်နှစ်လုံးမှ နေ့စဉ်ပို့လွှတ်မည့် လျှပ်စစ်ဓာတ်အားကို ရှမ်းပြည်နယ်နှင့် ဆက်စပ်ဒေသများအား မဟာဓာတ်အားလိုင်းမှတစ်ဆင့် ပို့လွှတ်ဖြန့်ဖြူး အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း။

■ ကျိုင်းခမ်း၊ ဆည်တော်ကြီးရေကူ၊ မဏိပူရနှင့် အထက်ပူး ရေလှောင်တမံစီမံကိန်းများသည် သဘာဝဘေးဒဏ်ဖြစ်သည့် ရေကြီးနစ်မြုပ်မှုဒဏ်မှ ကာကွယ်ရန်ဖြစ်ခြင်း၊ စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျသည့် ဆည်ရေသောက် စိုက်ပျိုးမြေများကို တိုးချဲ့နိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သောလျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် ဦးစားပေး မဖြစ်မနေဆောင်ရွက် ■ ■

စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ထူထောင်လာနိုင်ကြမည် ဖြစ်ပြီး



ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အမှာစကားပြောကြားစဉ်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

နောင်ဖြစ်ပေါ်လာမည့် အစိုးရသစ်ကာလတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ရေရှည်အမျိုးသားရေး အကျိုးစီးပွားကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ဖော်ဆောင်သွားနိုင်ရေးအတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်များအား လက်တွေ့ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်ဖြစ်ပါကြောင်း။

နိုင်ငံသားအားလုံး၏ ရေရှည်အမျိုးသား အကျိုးစီးပွားအတွက် ရင်းနှီးမြှုပ်နှံ တည်ဆောက်အကောင်အထည်ဖော်ခဲ့သည့် ဤဘက်စုံစီမံကိန်းကြီးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က မြို့ကြီးရေလှောင်တမံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၊ တိုင်းရင်းသား လုပ်ငန်းရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြို့ကြီးရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် မြို့ကြီးရေလှောင်တမံ မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် ရှင်းလင်းတင်ပြစဉ်။

ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဦးစဝ်အောင်မြတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ နိုင်ငံတော်သမ္မတနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တမံနှင့် ရေယူအဆောက်အအုံ (Power Intake Gate) ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ကျင်းပခဲ့သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေးအမှတ် (၁/၂၀၀၆)မှ အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံနှင့် တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံတို့မှ ထုတ်လွှတ်သည့်ရေများနှင့် ရေလှောင်တမံနှစ်ခုအကြား စီးဆင်းလာသည့်ရေများကို စုပေါင်းသိုလှောင်၍ ရေအားလျှပ်စစ် ၃၀ မဂ္ဂါဝပ် ထုတ်လွှတ်နိုင်မည်ဖြစ်သည့်အပြင် သိုလှောင်ပြီးရေများကို ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက် ဧရိယာဧက ၈၂၀၀၀ ကို ရေပိုမိုပေးဝေနိုင်မည်ဖြစ်ပြီး ခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာလွင်ပြင်အတွင်းရှိ မြေဧရိယာ ဧက ၃၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်သည်။

မြို့ကြီး ရေလှောင်တမံသည် အလျား ၂၄၆၁ ပေ၊ အမြင့် ၂၅၈ ပေရှိပြီး မြေသားတမံ(ဇုန်အမျိုးအစား) ဖြစ်သည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး အကျယ် ၂၉၅ ဒသမ ၃ ပေ ဖြစ်သည်။ တမံတွင် ရေလွှဲဥမင်နှင့် ရေအားလျှပ်စစ်ဥမင်တို့ပါဝင်ပြီး ရေအားလျှပ်စစ်ဥမင်မှာ အချင်းပေ ၂၀၊ အလျား ၁၆၄၄ ပေ ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေအားလျှပ်စစ်စက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တရုတ်နိုင်ငံ YMEC ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ကွမ်ယူကွန်းနှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

*စာမျက်နှာ ၉ သို့*



ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဝန်ကြီးချုပ် ဦးရဲမြင့် တို့က မြို့ကြီးရေလှောင်တမံမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၈ မှ*

အဆိုပါ ရေအားလျှပ်စစ်စက်ရုံသည် အလျား ၁၃၅ ပေ၊ အနံ ၈၄ ပေ၊ အမြင့် ရှစ်ပေရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ ရေအားလျှပ်စစ်တာဘိုင်မှာ ဖရန့်ဆစ်တာဘိုင်အမျိုးအစားဖြစ်ပြီး ရေအားလျှပ်စစ်တပ်ဆင်အား ၃၀ မဂ္ဂါဝပ်၊ ၁၅ မဂ္ဂါဝပ် နှစ်လုံးဖြင့် တည်ဆောက်ထားသည်။ အဆိုပါ လျှပ်စစ်တာဘိုင်များမှ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ၁၃၅ ဒသမ ၇၀ ကီလိုဝပ်နာရီ သန်းပေါင်း ထုတ်လွှတ်ပေးနိုင်မည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က မြို့ကြီးဘက်စုံရေလှောင်တမံစီမံကိန်း တည်ဆောက်ခဲ့မှုအခြေအနေ၊ လက်ရှိ တည်ဆောက်ပြီး ရေလှောင်တမံများကို အထောက်အကူဖြစ်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းများ၏ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် အထောက်အကူပြုမည့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပြည်သူများအတွက် ၂၀၁၆ ခုနှစ် နှစ်သစ်ကူးလက်ဆောင်အဖြစ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျိုင်းခမ်း၊ ဆည်တော်ကြီးရေကူ၊ မဏိပူရနှင့် အထက်ဗူး ရေလှောင်တမံစီမံကိန်းများသည် သဘာဝဘေးဒဏ်ဖြစ်သည့် ရေကြီးနစ်မြုပ်မှုဒဏ်မှ ကာကွယ်ရန်ဖြစ်ခြင်း၊ စားနပ်ရိက္ခာ ဖူလုံရေးအတွက် အဓိကကျသည့် ဆည်ရေသောက် စိုက်ပျိုးမြေများကို တိုးချဲ့နိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် ဦးစားပေး မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ပါက အခြားစီမံကိန်းများကို လျှော့ချပြီး ယခုစီမံကိန်းလေးခုကို အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ကြီးဌာန တာဝန်လွှဲပြောင်းရာတွင်လည်း ယခုစီမံကိန်းများနှင့် ပတ်သက်ပြီး အသေးစိတ်လွှဲပြောင်းရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြို့ကြီးရေလှောင်တမံ ပုံစံငယ်ကို ကြည့်ရှုပြီး တမံရှုရပ်မှ ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တရုတ်နိုင်ငံ YMEC ကုမ္ပဏီမှ တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)




### ဆက်လက်ဆောင်ရွက်ရမည့် အဓိက စီမံကိန်းလုပ်ငန်းကြီးများ အခြေအနေ

| စဉ် | စီမံကိန်းအမည် | ခ.မ.စ တန်ဖိုး (ကျပ်သန်း) | စီမံကိန်း စတင်သည်မှ (၂၀၁၅ - ၂၀၁၆) ခုနှစ်အထိ ရရှိပြီးရန်ပုံငွေ (ကျပ်သန်း) | ရေလှောင်ပမာဏ (ဧကပေ) | အကျိုးပြုမှု | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | စိုက်ဧက | ရေအားလျှပ်စစ် (မဂ္ဂါဝပ်) | |
| ၁ | ကျိုင်းခမ်း | ၁၄၇၀၁၀.၀၀ | ၇၂၃၈.၀၄၂ | ၃၄၅၃၅၀ | - | ၆ | ဓော်ဂျီတမံသို့ ရေကူးရန် |
| ၂ | ဆည်တော်ကြီးရေကူ | ၁၄၃၂၀၀.၀၀ | ၃၈၈၁.၇၇၃ | ၅၃၀၀၀၀ | - | ၆၄ | ဆည်တော်ကြီးတမံသို့ ရေကူးရန်နှင့် ဒေသအတွင်းရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် |
| ၃ | မဏိပူရ | ၄၃၅၀၀၀.၀၀ | ၁၇၅၀၈.၂၉၁ | ၁၂၆၀၀၀၀ | ၅၀၀၀၀ | ၃၈၀ | မြစ်သာမြစ်ဝှမ်းရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် |
| ၄ | အထက်ဗူး | တွက်ချက်ဆဲ | တွက်ချက်ဆဲ | တွက်ချက်ဆဲ | တွက်ချက်ဆဲ | ၈၀ | မုန်းချောင်းတမံသို့ ရေကူးရန်နှင့် ဒေသအတွင်းရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် |

# MPT မှ နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲ၌ ဆုမဲပေါင်း နှစ်သောင်းပေးမည်

**ရန်ကုန်   ဇန်နဝါရီ   ၁**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT )က ဆုမဲပေါင်း နှစ်သောင်းပါဝင်သည့် နှစ်သစ်ကူးအစီအစဉ် နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၁ နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ ဂျန်းရှင်းစကွဲစင်တာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူ Mr.Koichikawase က "အခုလို လူတွေစုဝေးတဲ့နေရာမျိုးမှာ ပျော်ရွှင်ကံထူး နှစ်သစ်ကူးအစီအစဉ်ရဲ့ နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲကြီးကို ကျင်းပရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ MPT ကို အသုံးပြုသူတွေကလည်း ကျွန်တော်တို့ပေးတဲ့ ဝန်ဆောင်မှုတွေကို အပြည့်အဝအားပေးသုံးစွဲကြတဲ့အတွက် နှစ်သစ်မှာ ကံထူးခွင့်ပေးခွင့်ရတာကို အလွန်ကျေနပ်ပါတယ်" ဟုပြောသည်။

ကံစမ်းမဲအစီအစဉ်အစမှ ဇန်နဝါရီ ၇ ရက် အထိ ကံစမ်းမဲကာလတစ်လျှောက်တွင် သုံးစွဲသူများရရှိထားခဲ့သော ကံစမ်းမဲလက်မှတ်များကို ဇန်နဝါရီ ၉ ရက်တွင် ပြုလုပ်မည့် နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲတွင် ပြန်လည်ထည့်သွင်း ရေတွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ဆုမဲများနှင့် လွဲချော်ခဲ့သူများလည်း ပြန်လည်ကံစမ်းနိုင်ခွင့်ကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT ငွေဖြည့်ကတ် အသုံးပြုသူများမှ ကျပ်သုံးထောင်နှင့်အထက် ငွေဖြည့်ကတ်များဖြည့်သွင်းကာ ကံစမ်းနိုင်ကြောင်း၊ တစ်မိနစ်ကြာ ဖုန်းခေါ်ဆိုမှုတိုင်းအတွက်လည်း ကံစမ်းမဲလက်မှတ် တစ်စောင်ရရှိမည်ဖြစ်ကြောင်း၊ MPT ဆင်းကတ်အသစ်များ ဝယ်ယူ၍လည်း ကံစမ်းနိုင်ကြောင်း၊ MPT အသုံးပြုသူများအနေဖြင့် ၎င်းတို့ရရှိထားသော ကံစမ်းမဲလက်မှတ်များကို စစ်ဆေးလိုပါက SMS နံပါတ် ၃၀၀၀ သို့ "Lucky" ဟု စာတိုပို့စစ်ဆေးနိုင်ပြီး CDMA အသုံးပြုသူများအနေဖြင့် SMS နံပါတ် ၃၀၀၁ သို့ "Lucky" ဟု စာတိုပေးပို့ကာ စစ်ဆေးနိုင်ကြောင်း သိရသည်။

နောက်ဆုံး ကံထူးရှင်ရွေးချယ်ပွဲတွင် အစီအစဉ်ကြေညာသူက ၎င်း၏ မိုဘိုင်းဖုန်းကို ခေါ်ဆိုပေးမည်ဖြစ်ကာ နှစ်ကြိမ်မြောက်ခေါ်ဆို၍မရပါက အခြားကံထူးရှင်ကို ထပ်မံရွေးချယ်သွားမည်ဖြစ်သည်။ ရွေးချယ်ပွဲအစီအစဉ်ကို ထိုနေ့ည ၉ နာရီတွင် MRTV-4 တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကာ ကံထူးသူများကို ဇန်နဝါရီ ၁၀ ရက်တွင် ဆက်သွယ်အကြောင်းကြားကာ ငွေဖြည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# ငြိမ်းချမ်းလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုကြောင့် ဒေသခံပြည်သူများဝမ်းသာ

**ဖာပွန်   ဇန်နဝါရီ   ၁**

ကရင်ပြည်နယ် ဖာပွန်ဒေသသည် တောင်ပတ်လည်ဝိုင်း၍လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မြို့တစ်မြို့ဖြစ်ခဲ့သော်လည်း ယခုအခါ ငြိမ်းချမ်းရေးအသီးအပွင့်များ ရရှိလာသည်နှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုကြောင့် တစ်ကြိမ်တစ်ခါမှ ပြုလုပ်ခြင်းမရှိသေးသော ကုန်စည်ပြပွဲ၊ ရှိုးပွဲ၊ ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲတို့ကို ခြောက်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ကုန်စည်ပြပွဲ၊ ရှိုးပွဲနှင့် ဈေးရောင်းပွဲတော်ကို မြန်မာနတ်မင်းကြီး ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ကာ ဒီဇင်ဘာ ၂၃ရက်မှ ၂၈ ရက်အထိ ဈေးရောင်းပွဲတော် ကျင်းပခဲ့သည်။ အရောင်းမြှင့်တင်ရေးဈေးပွဲတော် ရှိုးပွဲနှင့် အသုံးအဆောင်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များကို ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူအားပေးကြခြင်း၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲရသဖြင့် အဆိုပါဒေသ ငြိမ်းချမ်းလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၏ အနှစ်သာရတစ်ခုဖြစ်သောကြောင့် ဒေသခံပြည်သူများအနေဖြင့် ဝမ်းသာကြည်နူးလျက်ရှိကြောင်း သိရသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**



# HAPPY ZONE ကစားကွင်းအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မလျော်ဆန့်ကျင်သည့် လက်ဆောင်ပစ္စည်းပေးအပ်မှု ဂယက်

ယခုရက်ပိုင်းအတွင်းက လူမှုကွန်ရက်စာမျက်နှာထက်တွင် ရန်ကုန်မြို့ ဦးဥတ္တမပန်းခြံရှိ HAPPY WORLD ကစားကွင်း၌ အမျိုးသားတန်ဆာ ပုံသဏ္ဌာန်ပစ္စည်းများကို လက်ဆောင်အဖြစ် ပေးနေကြောင်း၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူများ ရှေ့ရေးကိုတွေး၍ သက်ဆိုင်ရာမှထိထိရောက်ရောက် စုံစမ်းအရေးယူပေးစေလိုကြောင်း ဓာတ်ပုံနှင့်တကွ တင်ပြခဲ့ကြရာ အဆိုပါဖြစ်စဉ်အပေါ် အများပြည်သူတို့ အထူးစိတ်ဝင်စားခဲ့ကြပြီး ကန့်ကွက်မှုများလည်းရှိခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းထွန်းဦး၏ ညွှန်ကြားမှုဖြင့် ဒဂုံမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၉ ရက်က ဦးဥတ္တမပန်းခြံရှိ HAPPY WORLD ကစားကွင်းသို့ သွားရောက်စစ်ဆေးရာ ရောင်းချမှုမတွေ့ရကြောင်း၊ သို့ဖြင့် ဒဂုံမြို့နယ် ဓမ္မစေတီလမ်း ပြည်သူ့ဥယျာဉ်အတွင်းရှိ HAPPY ZONE သို့ ဆက်လက်သွားရောက်စစ်ဆေးရာ မန်နေဂျာ ဦးမြတ်ထွန်းဇံက အဆိုပါပစ္စည်းများကို ဂိမ်းကစားသူများ အောင်မြင်ပါက လက်ဆောင်ပေးခြင်းဖြစ်ကြောင်း ဝန်ခံ၍ ယင်းပစ္စည်းများကို သိမ်းဆည်းပြီး ဆက်လက်မရောင်းရန် အသိပေးပြီးဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

“လူမှုကွန်ရက်ပေါ်ကိုတင်ထားတာ တစ်ပတ်လောက်ရှိပြီ။ ဒီသတင်းကိုတွေ့တာနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးကို ချက်ချင်းသွားရောက်စစ်ဆေးခိုင်းခဲ့တယ်။သွားစစ်ဆေးတဲ့အချိန်မှာတော့ အဲဒီပစ္စည်းတွေ မရှိတော့ပါဘူး။ လွန်ခဲ့တဲ့ ငါးရက်လောက်ကပြန်သိမ်းထားလိုက်ပြီလို့ပြောတယ်။ ဆပ်ပြာနဲ့လုပ်ထားတဲ့ပစ္စည်းတွေပါ။ လာရောက်ကစားတဲ့သူတွေကို ပျော်ရွှင်မှုဖြစ်အောင် အနိုင်ရရှိတဲ့ တိုကင်နဲ့ လဲပေးဖို့စီစဉ်ပေးထားတာလို့ သိရတယ်။ မြန်မာ့ယဉ်ကျေးမှုနဲ့မညီညွတ်တဲ့အတွက် ဆိုင်မန်နေဂျာကို ခံဝန်ကတိထိုးခိုင်းခဲ့တယ်။ ပစ္စည်းနမူနာကိုယူပြီး သက်ဆိုင်ရာကိုတင်ပြနိုင်ဖို့အတွက် စီစဉ်နေပါတယ်။ ဒီလိုဖြစ်စဉ်မျိုးကို အရေးယူဖို့ဆိုတာကတော့ ဒေသန္တရအမိန့်ထုတ်ပြန်ထားခြင်းမရှိတော့ အခက်အခဲရှိပါတယ်။ လက်ရှိအခြေအနေအရ ခံဝန်ကတိထိုးထားတယ်ဆိုပေမယ့် တားမြစ်ထားတဲ့ကြားက နောက်ထပ်ကျူးလွန်ရင် ဥပဒေအရ အရေးယူဆောင်ရွက်သွားမှာပါ” ဟု ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းထွန်းဦးက ပြောသည်။

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် တတိယနှစ်ကျောင်းသူတစ်ဦး၏ မိခင် ဒေါ်မေသန်းဦးက “ကလေးတွေ အများဆုံးသွားရောက်ကစားတဲ့ ကစားကွင်းလိုနေရာမှာ ဒီလိုပစ္စည်းတွေကို အမှတ်တရလက်ဆောင်အဖြစ်နဲ့ လဲလှယ်ပေးတာမျိုးက မဖြစ်သင့်ပါဘူး။ လူငယ်တွေဆိုတာက အတုမြင် အတတ်သင် စိတ်ဓာတ်မျိုးရှိတဲ့အတွက် ဒီလိုကိစ္စတွေနဲ့ပတ်သက်ပြီး လမ်းမှားရောက်သွားနိုင်တယ်။ ယဉ်ကျေးမှုအနေနဲ့ကြည့်ရင်လည်း လက်ခံနိုင်စရာအကြောင်းမရှိပါဘူး။ အနာဂတ်လူငယ်တွေကောင်းဖို့ဆိုတာ မိဘ၊ ဆရာသမားတွေရဲ့ သွန်သင်ဆုံးမမှုတွေအပြင် သူတို့ရဲ့ပတ်ဝန်းကျင်နဲ့လည်းဆိုင်ပါတယ်။ မိမိ

> အနာဂတ်လူငယ်တွေကောင်းဖို့ဆိုတာ မိဘ၊ ဆရာသမားတွေရဲ့ သွန်သင်ဆုံးမမှုတွေအပြင် သူတို့ရဲ့ပတ်ဝန်းကျင်နဲ့လည်း ဆိုင်ပါတယ်။ မိမိ အကျိုးစီးပွားတိုးတက်ဖို့အတွက် ဒီလိုကိစ္စမျိုး လုပ်ပြီး ဆွဲဆောင်တာမျိုးကိုတော့ သက်ဆိုင်ရာက ထိန်းသိမ်းသင့်ပါတယ်

အကျိုးစီးပွားတိုးတက်ဖို့အတွက် ဒီလိုကိစ္စမျိုးလုပ်ပြီး ဆွဲဆောင်တာမျိုးကိုတော့ သက်ဆိုင်ရာက ထိန်းသိမ်းသင့်ပါတယ်” ဟု ပြောသည်။

ပစ္စုပ္ပန်တွင် မြန်မာနိုင်ငံသည် ပြတင်းတံခါးများ ပို၍ပို၍ ဖွင့်လှစ်လာမှုနှင့်အတူ နယ်ပယ်အသီးသီးတွင်လည်း စိန်ခေါ်မှုများနှင့် ပို၍ပို၍ ရင်ဆိုင်ကြုံတွေ့လာရသည်။

“အွန်လိုင်းမှာတော့ ဒီလိုပစ္စည်းတွေကို ပုံနဲ့ ဈေးနှုန်းတွေပါဖော်ပြပြီး ရောင်းချနေတာကြာပါပြီ။ ဒီလိုပစ္စည်းတွေ၊ ဆေးဝါးတွေဆိုတာလည်း အနောက်နိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတချို့မှာ တော်တော်ယဉ်ပါးနေပါပြီ။ ဒီနိုင်ငံမှာတော့ ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့အတွက် လက်ခံလို့မဖြစ်ပါ။ ဒီလိုတရားမဝင်ဝင်ရောက်လာတဲ့ပစ္စည်းတွေကြောင့် လူငယ်တွေလမ်းမှားရောက်မသွားအောင် လူမှုကွန်ရက်စာမျက်နှာတွေမှာလည်း ပညာပေးပို့စ်တွေကို တွေ့ရပါတယ်။

“လူငယ်တွေလမ်းမှားမရောက်သွားအောင် အွန်လိုင်းကနေ ဒီလိုပစ္စည်းတွေကို ပုံနဲ့တကွ ဆက်သွယ်ရောင်းချနေတဲ့ ပို့စ်တွေကိုလည်း ထိန်းချုပ်သင့်တယ်။ နိုင်ငံအနေနဲ့ ခေတ်မီတိုးတက်တာကောင်းတယ်ဆိုပေမယ့် တချို့အရာတွေကတော့ ခေတ်မီတိုင်း မကောင်းပါဘူး။ အရွယ်မတိုင်မီ လူငယ်တွေခေတ်မီတာလွန်ပြီး ကောသလမင်းအိပ်မက် ၁၆ ချက်ထဲကလို ဒန့်ကွဲ့ပင်ပုခက်လွဲခေတ်ကို အမြန်ဆုံးရောက်သွားလိမ့်မယ်”လို့ မရမ်းကုန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းဆရာတစ်ဦးက ဆိုသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဒဂုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေက “ပြည်သူ့ဥယျာဉ်ထဲက HAPPY ZONE ထဲကို ကျွန်တော်တို့ ရောက်တော့ လူမှုကွန်ရက်မှာတက်နေတဲ့ ဓာတ်ပုံထဲက နေရာကိုတွေ့တယ်။ ပုံထဲမှာဖော်ပြထားတဲ့ပစ္စည်းတွေကိုတော့ မတွေ့တော့ပါဘူး။ ဒီပစ္စည်းတွေကို သူတို့ပိုင်ရှင်က ပြည်ပနိုင်ငံကနေ တွေ့လို့ဝယ်လာတာ။ လာရောက်လည်ပတ် ကစားတဲ့သူတွေကို ပျော်ရွှင်အောင်ဆိုပြီးစီစဉ်ခဲ့တာလို့ သိရတယ်။ အပျော်သဘောဆိုပြီး စာရေးပြီး ကပ်ထားပါတယ်။ ကလေးတွေ ပျက်စီးအောင်လုပ်တဲ့ ရည်ရွယ်ချက် မရှိပါဘူး။ သဘောရိုးနဲ့ထားပေးထားတာလို့ မန်နေဂျာက ပြောတယ်။ လူမှုရေးအရ စိုးရိမ်လို့ လူမှုကွန်ရက်ပေါ် တင်လိုက်တဲ့သဘောရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ပြည်သူတွေ မကြိုက်နှစ်သက်တဲ့ ဒီလိုကိစ္စတွေကို ပညာပေးဆွေးနွေးပွဲတွေလုပ်တဲ့အခါမှာ ထည့်ပြောဖို့ စီစဉ်ထားပါတယ်” ဟုပြောသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအပေါ် ပွတ်တိုက်မှုများကား ယခုနှစ်ပိုင်းအတွင်း ပို၍ကြုံတွေ့လာရသည်။ ၂၀၁၆ခုနှစ် စီးပွားရေးလုပ်ငန်းကြီးများမှ ထုတ်ဝေသည့် နှစ်သစ်ပြက္ခဒိန် အချို့မှာပင် မြန်မာ့မျက်စိနှင့် မလျော်ဆန့်ကျင်မှုများကို ပို၍တွေ့မြင်လာရပြန်သည်။

သို့တစေ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကား မြတ်စွာဘုရားရှင်သည် သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်များနှင့် ရာဇဂြိုဟ်မြို့သား သိင်္ဂါလသတို့သားအားဟောကြားခဲ့သည့် လူမှုရေးတရားတော်များဖြစ်သော မိဘနှင့်သားသမီး ဝတ္တရားငါးပါး၊ ဆရာနှင့်တပည့် ဝတ္တရားငါးပါး၊ အလုပ်ရှင်နှင့်အလုပ်သမားဝတ္တရားငါးပါး၊ မိတ်ဆွေအချင်းချင်းဆောင်ရွက်ရမည့် ဝတ္တရားငါးပါး၊ ဥစ္စာပျက်စီးကြောင်းတရားများအပါအဝင် ထေရဝါဒဗုဒ္ဓသာသနာအပေါ် သက်ဝင်ယုံကြည်မှုများမှတစ်ဆင့် မြစ်ဖျားခံစီးဆင်းလာခြင်းသာဖြစ်၍ မြန်မာလူ့ဘောင်အတွင်း မကောင်းမှုကို ရှက်ခြင်း၊ ကြောက်ခြင်းတည်းဟူသော ဟိရိဩတ္တပ္ပတရားများကို မြန်မာတိုင်း လိုက်နာစောင့်ရှောက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **သတင်းဆောင်းပါး-ခင်မောင်ထွေး၊ ဇော်ကြီး**

# နှစ်သစ်ကူးညတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုနှစ်မှု ယာဉ်မတော်တဆမှု ရှစ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတစ်မှု ဖြစ်ပွားခဲ့

**ရန်ကုန် ဇန်နဝါရီ ၁**

နှစ်သစ်ကူးညတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မီးလောင်မှုနှစ်မှု၊ ယာဉ်မတော်တဆမှု ရှစ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတစ်မှု ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ စုံစမ်းသိရှိရသည်။

“နှစ်သစ်ကူးမှာ ထူးခြားမှုအနေနဲ့ အမှုကြီးလုံးဝမဖြစ်ခဲ့ပါဘူး။ မီးလောင်မှု၊ ယာဉ်မတော်တဆမှုတွေနဲ့ နာကျင်စေမှုတစ်မှုပဲဖြစ်ခဲ့တယ်။ မနှစ်က မှုခင်းဖြစ်ပွားမှုဖြစ်စဉ်တွေကိုသုံးသပ်ပြီး ကြိုတင်ဆောင်ရွက်ခဲ့တယ်။ လူစည်ကားတဲ့နေရာနဲ့ ပွဲတော်နေရာတွေမှာ ရဲတပ်ဖွဲ့ဝင်တွေက လုံခြုံရေးကိုတိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူတွေအနေနဲ့လည်း စည်းကမ်းရှိလာတာကြောင့် မှုးယစ်ရမ်းကားသူ မရှိသလောက်ပါပဲ၊ ပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင်လာတဲ့အတွက် နှစ်သစ်ကိုအမှုအခင်းအနည်းဆုံးနဲ့ ဖြတ်ကျော်လာနိုင်ခဲ့တာပါ” ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးပြည့်စုံက ပြောသည်။

ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် (၁၂၄) လမ်း ဦးမြင့်သိန်းနေအိမ် နောက်ဖေးခန်းရှိ ရေခဲသေတ္တာ မော်တာ အပူလွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ယင်းမီးလောင်မှုကြောင့် တန်ဖိုးငွေကျပ် ခြောက်သောင်းခန့်ဆုံးရှုံးခဲ့သဖြင့် ဦးမြင့်သိန်းကို မင်္ဂလာတောင်ညွန့်မြို့မ ရဲစခန်းမှ အရေးယူဆောင်ရွက်ခဲ့သည်။

အလားတူ ဇန်နဝါရီ ၁ ရက် နံနက် ၀၀ နာရီ ၀၅ မိနစ်ခန့်က ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် ကမ္ဘာအေးဘုရားလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းထောင့် ယုဇနတာဝါရှိ ကောင်းစားသောက်ဆိုင်၌လည်း ဆိုင်အနောက်ဘက် မီးဖိုခန်းတွင် တပ်ဆင်ထားသော ပန်ကာမော်တာမှအပူလွန်ကဲပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် ဆိုင်မန်နေဂျာ ဦးစံရွှေမောင်ကို ဗဟန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယာဉ်မတော်တဆမှု ရှစ်ကြိမ်ဖြစ်ပွားခဲ့ကာ သေဆုံးသူ သုံးဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ရှစ်ဦးအထိရှိခဲ့ပြီး ရန်ကင်း၊ ကမာရွတ်၊ လှည်းကူး၊ ဗိုလ်တထောင်၊ အလုံနှင့် မရမ်းကုန်းမြို့နယ်တို့၌ ဖြစ်ပွားခဲ့သည်။ ခိုက်ရန်ဖြစ်ပွားမှုအနေဖြင့် တစ်မှုသာရှိခဲ့ပြီး သုံးခွမြို့နယ်၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ပုံမှန်ဆောင်ရွက်နေသည့် လှည့်ကင်း၊ ဝပ်ကင်း၊ ယာဉ်စစ်ပိတ်ဆို့စစ်ဆေးမှုများအပြင် **(အပေါ်ပုံ)** အသစ်ထပ်မံရောက်ရှိလာသည့် မော်တော်ယာဉ် ၄၅ စီးဖြင့်လည်း လုံခြုံရေးကို ပိုက်စိပ်တိုက်တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သဖြင့် နှစ်သစ်ကူးညတွင် မှုခင်းဖြစ်ပွားမှုနည်းပါးခဲ့ပြီး နှစ်သစ်သို့ အေးချမ်းစွာ ဖြတ်ကျော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ရဲမှူးပြည့်စုံက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**



**ရန်ကုန် တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဗဟန်းမြို့နယ်ရုံးတွင် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ဓာတ်ပုံပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်ကို တွေ့ရစဉ်။**

(မြို့နယ် ပြန်/ဆက်)

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့်(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ပန်းခြံ၌ ကျင်းပမည်ဖြစ်သည်။

SMART KIDS ၏ လွတ်လပ်ရေးနေ့ ပျော်ပွဲ ရွှင်ပွဲတွင် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်တိုးတက်စေမည့် ပျော်ရွှင်စရာ Game များ၊ ကျန်းမာကြံ့ခိုင် သွက်လက်စေမည့် ကစားနည်းများ၊ ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုပြီး လက်ဆောင်များရယူနိုင်မည့် Happy Quiz: အစီအစဉ်များနှင့် ကလေးများအကြိုက် ဂျုံရုပ်လက်ဆောင်များ ပေးခြင်းနှင့် မျက်နှာဆေးပန်းချီခြယ်ပေးခြင်းတို့ကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ သားသားမီးမီးတို့က မိဘများနှင့်အတူ ပျော်ပွဲရွှင်ပွဲသို့ အခမဲ့ သွားရောက်နိုင်ကြောင်း သိရသည်။ **အောင်သူရ**

# ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဒီဇင်ဘာလအတွင်း နိုင်ငံခြားသား ၆၃၆၆၄ ဦးရောက်ရှိဖူးမြော်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်း ဒီဇင်ဘာလအတွင်း ပြည်ပနိုင်ငံပေါင်း ၃၅ နိုင်ငံမှ နိုင်ငံခြားသားပေါင်း ၆၃၆၆၄ ဦး ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြသည့် နိုင်ငံခြားသားများတွင် ထိုင်းနိုင်ငံသား ၁၅၁၆၈ ဦး၊ ကိုရီးယား ၅၂၅၄ ဦး၊ ဂျပန် ၃၉၅၃ ဦး၊ ဂျာမဏီ ၃၇၉၂ ဦး၊ တရုတ် ၃၇၅၃ ဦး အများဆုံးရောက်ရှိခဲ့ကြပြီး ၎င်းတို့ထံမှ ငွေကျပ် ၅၀၈၈၉၆၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၄၁၆ ဒေါ်လာတို့ကို ဧည့်ဝင်ကြေးအဖြစ် အလှူခံရရှိခဲ့ကြောင်း သိရသည်။ **ကိုချစ်**

# တရုတ်-မြန်မာ ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Development and Reform Commission မှ ဥက္ကဋ္ဌ Mr .Yang Hong Bo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာ၌ ပြည်ထောင်စုဝန်ကြီးက တရုတ်-မြန်မာကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာတွင် နယ်စပ်ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး အရေးကြီးကြောင်း၊ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ယူနန်ပြည်နယ် Development and Reform Commission ဥက္ကဋ္ဌက တရုတ်-မြန်မာစီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်ရန်၊ ပိုမိုပူးပေါင်းဆောင်ရွက်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ လိုအပ်သည့် အခြေခံ အဆောက်အအုံများ အချိန်မီတည်ဆောက်ပြီးစီးနိုင်ရေး အရေးကြီးကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကူမင်းမှ လင်းချန်းအထိ ရထားလမ်း၊ အဝေးပြေးလမ်းများ စတင်ဖောက်လုပ်နေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှတစ်ဆင့် Transit Trade ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လိုကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက်နံနက် ၈ နာရီတွင် အသင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်သန်းဝင်း၊ ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်၊ ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးနှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတို့မှ ကလေးအထူးကုဆရာဝန်ကြီးများ၊ လယ်ဝေးမြို့နယ်ခုတင် ၁၀၀ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့်ဆရာမများ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ကလေးငယ်များနှင့်မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင်ကလေးများ၏ ကိုယ်အလေးချိန်၊ အရပ်အမြင့်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ကျန်းမာရေးအခြေအနေ၊ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံ တိုက်ကျွေးမှုနှင့် သက်တမ်းအလိုက်အသိဉာဏ်ဖွံ့ဖြိုးမှုတို့ကို အခြေခံကြည့်ရှုစစ်ဆေးကာ မွေးကင်းစမှ သုံးလ၊ သုံးလကျော်မှခြောက်လ၊ ခြောက်လကျော်မှ တစ်နှစ်၊ တစ်နှစ်ကျော်မှ တစ်နှစ်ခွဲ၊ တစ်နှစ်ခွဲကျော်မှ နှစ်နှစ်အထိ ပြိုင်ပွဲများနှင့်သုံးမြွှာတစ်တွဲ၊ နှစ်မြွှာပူးစုံတွဲ ၁၃ တွဲစုစုပေါင်း ကလေးငယ် ၇၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌဒေါ်သဇင်နွယ်က အမှာစကားပြောကြားကာ တာဝန်ရှိသူများက အထူးဆု၊ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြပြီး အကဲဖြတ်ပေးသောဆရာဝန်ကြီးများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဩဝါဒါစရိယ ဒေါက်တာဘဒ္ဒန္တသောနက ဘဝနတ်ထံပျံလွန်တော်မူ

**ရန်ကုန် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက်ပဓာန နာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသောနကသည် သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါအရ ၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက်၊ ဒီဇင်ဘာ ၃၁ ရက် ကြာသပတေးနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ကြို့ပင်ကောက်မြို့၊ ဗောဓိရိပ်သာကျောင်းတိုက်၊ (အဂ္ဂမဟာပဏ္ဍိတ) ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တသောနက၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့၊ ရွှေဥဒေါင်းရပ်ကွက်၊ ခမည်းတော် ဦးတင့်+မယ်တော် ဒေါ်အိတို့မှ ၁၂၉၃-ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည်၁၃၀၅-ခုနှစ်တွင် ခမည်းတော်+မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိပြီး ၁၃၁၂-ခုနှစ်တွင် မိုးညိုမြို့၊ သဲကုန်းကျောင်းဆရာတော်ဘဒ္ဒန္တဥက္ကံသ ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မိုးညိုမြို့၊ သဲကုန်းကျောင်းဆရာတော်ဦးဥက္ကံသ၊ မင်းလှမြို့၊ စံကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တ ကောဏ္ဍည၊ ဘဒ္ဒန္တ ဝီရိယရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဆရာတော် ဘဒ္ဒန္တ ကောဏ္ဍည၊ ဘဒ္ဒန္တအာစိဏ္ဏ၊ ရေနံချောင်းမြို့၊ ရွှေတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏ၊ ဘဒ္ဒန္တခေမိက၊ စစ်ကိုင်းမြို့ ပဌာန်းသိပ္ပံဆရာတော်ဘဒ္ဒန္တကုန္ဒက စသည့် ဆရာတော်များထံတွင် အခြေခံပရိတ်ကြီးမှစ၍ အကြီးတန်း စာချတန်းတို့ကို အောင်မြင်တော်မူခဲ့ပြီး ပခုက္ကူမြို့၊ မဟာ ဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ ဘဒ္ဒန္တသုန္ဒရ၊ ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တကုသလ၊ ဘဒ္ဒန္တနန္ဒာစရိယ၊ ဘဒ္ဒန္တ ပညိန္ဒ၊ ဘဒ္ဒန္တနေမိန္ဒ စသည့် ဆရာတော်များထံတွင် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ယူဆည်းပူးခဲ့သည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက်တွင် သံဃာ/သီလရှင်စာသင်တိုက်၊ မဟာဗောဓိရိပ်သာခွဲတို့ကို တည်ထောင်၍ စာပေသင်ကြားပို့ချပေးခြင်း၊ စတုတ္ထအကြိမ်သံဃသမ္မုတိရ၊ သံဃာ့ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ကျစ္စာဘုရား၊ ပြည်လုံးချမ်းသာဘုရား၊ ဇမ္ဗူအေးစေတီဘုရားများ၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ မဟာစည်နာယကအဖြစ် သာသနာပြုခြင်း၊ ယနေ့အချိန်အထိနိုင်ငံတော် ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးဓူတ (USA- India)၊ မဟာစည်ဦးသျှောင်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် အများပြည်သူ၊ ရဟန်း၊ ရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါးနှင့် ပြည့်စုံခြင်း စသည့် ဂုဏ်အင်္ဂါတို့နှင့်ကုံလုံပြည့်ဝတော်မူသည့် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တသောနကအား ၁၃၅၅ (၁၉၉၄) ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၅)နှစ်၊ သိက္ခာတော် (၆၅)ဝါအရ ၁၃၇၇ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ ၃၁-၁၂-၂၀၁၅ ကြာသပတေးနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# အမှတ်(၄၀)အစုန် စာပို့ရထားတွဲချော်မှုဖြစ်ပွား

**ဝန်းသို ဇန်နဝါရီ ၁**

ကသာခရိုင် ဝန်းသိုမြို့နယ် ကင်းဘူတာမှ ဝန်းသိုဘူတာသို့ ဇန်နဝါရီ ၁ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ က စက်ခေါင်းအမှတ် DD 959 စက်ခေါင်းမောင်း ဦးထိန်လင်း၊ တွဲထိန်း ဦးဇေယျလင်းတို့မောင်းနှင်လာသည့် အမှတ်(၄၀) အစုန်စာပို့ရထားသည် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ကင်းဘူတာနှင့် ဝန်းသိုဘူတာအကြား မိုင်တိုင်အမှတ် ၅၄၄/၁၈ နှင့် ၅၄၄/၁၇ အကြားအရောက် ခန့်မှန်းမြေပုံညွှန်း GB-804460 တွင် BDTE-12707 တွဲမှ ဘီးအမှတ်(၁) နှင့်(၂)အပြင် ဘီးအမှတ်(၇)နှင့်(၈) အတွင်း ကပ်ကျမှုဖြစ်ပွားခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့က သွားရောက်ပြုပြင်လျက်ရှိပြီး ဝန်းသိုမြို့မရဲစခန်းက လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# ဇန်နဝါရီ ၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက် (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၈၅၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၇၀၀၀ | အသစ် |
| ၃။ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၀၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၅။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၁၅၀၀ | အသစ် |
| ၇။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၅၀၀ | အသစ်/ရှယ် |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၇၅ မှ ၂၁၀၀ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား၊ မြင်းခြံ မိတ္ထီလာ၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၁၃၅၀ | ရှယ်(သစ်)၊လတ် |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၃၀၀ | ရှယ်၊လတ် |
| ၁၁။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၃၀၀ | ထူး ၂၊၃၊၄၊၅ |
| ၁၂။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၃၀ မှ ၆၅၀ | A1,OK,S1,S2 |
| ၁၃။ | မတ်ပဲ(FAQ) (ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၅၀၀၀၀ | |
| ၁၄။ | ငရုတ်(ရှည်) | အိန္ဒိယ၊ ရှမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀၀ မှ ၅၁၇၅ | |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

# ကံထူးရှင်ပေါ်ထွက်

**ရန်ကုန် ဇန်နဝါရီ ၁**

**(၃၂၄)ကြိမ် ယနေ့အောင်ဘာလေသိန်းဆုဌာနခွဲမှ ထွက်ပေါ်လာသော ဆုမဲများစာရင်း**

**ကျပ်သိန်း (၁၅၀၀)**

စ-၉၄၉၇၄၄

**ကျပ်သိန်း (၁၀၀၀)**

ဂ-၁၆၈၈၀၁၂၊ က-၃၂၉၇၈၆

**ကျပ်သိန်း(၅၀၀)ဆုများ**

ဖ-၁၂၀၆၉၃၊ ဗ-၁၇၇၉၁၉၊ ခ-၃၀၉၂၉၀၊
စ-၈၅၆၁၅၁၊ ဘ-၉၃၇၁၅၈

**ကျပ်သိန်း(၃၀၀)ဆုများ**

တ-၁၀၃၂၈၅၊ ဌ-၈၅၆၅၈၃၊ ကဂ-၅၈၈၂၇၉၊
ဒ-၈၇၉၈၅၁၊ င-၇၀၆၈၂၂၊ ဘ-၉၇၃၅၇၀

**ကျပ်သိန်း(၂၀၀)ဆုများ**

ကစ-၄၅၁၆၉၃၊ လ-၇၈၂၅၂၀၊ တ-၄၅၆၂၅၈၊ ကဃ-၉၃၇၃၆၈၊
ဘ-၅၉၃၇၈၅၊ ပ-၉၈၃၄၄၇၊ ဒ-၇၂၅၆၄၃

**ကျပ်သိန်း(၁၀၀)ဆုမဲများ**

ဒ-၁၃၁၂၃၇၊ ယ-၄၁၉၇၇၄၊ ယ-၆၉၁၀၆၁၊ ဠ-၉၄၅၀၇၀၊
ခ-၁၆၃၁၁၉၊ င-၄၄၄၇၀၆၊ ကက-၇၆၂၀၈၂၊ စ-၉၅၇၂၇၈၊
ဖ-၂၄၄၈၇၉၊ ဍ-၅၅၃၃၁၃၊ အ-၈၅၅၇၈၉၊ ဌ-၉၉၈၃၄၃၊
ည-၃၆၁၈၅၀၊ ခ-၆၃၃၅၄၂၊ ပ-၈၇၄၆၂၂၊
တ-၄၁၆၇၆၃၊ ကက-၆၆၉၃၁၇၊ ကဆ-၉၃၃၉၀၇

**(မြန်မာ့အလင်း)**

# စားသောက်ဆိုင်အတွင်း လေထုတ်ပန်ကာရပ်သွားရာမှ အပူလွန်ကဲပြီး မီးလောင်



**ရန်ကုန်　ဇန်နဝါရီ　၁**

၂၀၁၆ နှစ်အကူး ဇန်နဝါရီ ၁ ရက် နံနက် ၀၀ နာရီ ၀၅ မိနစ်တွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်တံတားအနီး၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် ကမ္ဘာအေးဘုရားလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းထောင့်(ရွှေဂုံတိုင်တံတားအဆင်းအနီး) တိုက်အမှတ် (၆၉) ယုဇနတာဝါ ၁၃ ထပ်တိုက်၏ မြေညီထပ်၌ ဖွင့်လှစ်ထားသော ကောင်း စားသောက်ဆိုင်တွင် မီးလောင်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

မီးလောင်ရခြင်းအကြောင်းအရင်းမှာ ဆိုင်အတွင်းအသုံးပြုသော လေထုတ်ပန်ကာရပ်သွားရာမှ အပူလွန်ကဲလာပြီး မီးစတင်လောင်ရခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ သိရသည်။

လောင်နေသော မီးအားကို ဆိုင်ရှိဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် ကနဦးငြိမ်းသတ်ပေးခဲ့ရာ မီးသတ်ယာဉ်များရောက်ရှိပြီး ရေအားဖြင့်ငြိမ်းမှုကြောင့် နံနက် ၀၀ နာရီ မိနစ် ၂၀ တွင် မီးထိန်းနိုင်ခဲ့ကာ ၀၀ နာရီ ၂၂ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**ကိုကြီးတင်**

# မအူပင်မြို့၌ ပရိဘောဂဆိုင်မှတစ်ဆင့် နေအိမ်လေးလုံး မီးလောင်

**မအူပင်　ဇန်နဝါရီ　၁**

မအူပင်မြို့ အမှတ်(၃)ရပ်ကွက် ဈေးလမ်းနှင့် တေဇလမ်းထိပ် ဦးမြကြင်ပရိဘောဂဆိုင်မှ ဇန်နဝါရီ ၁ ရက် နံနက် ၁၁နာရီ မိနစ် ၄၀ က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ သစ်သားအိမ်နှစ်လုံး၊ လေးထပ်တိုက် တစ်လုံးနှင့် နှစ်ထပ်တိုက်အတွင်းပိုင်း ပျက်စီးလောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းရာသို့ နယ်မြေခံတပ်မတော်၊ မအူပင်ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မအူပင်၊ ညောင်တုန်း၊ ကျိုက်လတ်၊ ဖျာပုံ၊ ရေလဲကျေးရွာတို့မှ မီးသတ်ကားများ၊ စည်ပင်သာယာအဖွဲ့ပိုင် ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးခဲ့ပြီး ၁နာရီခွဲတွင် လုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**(ဝဇိရ)**



# အလုံလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းထောင့်၌ မီးနီဖြတ်ရာမှယာဉ်တိုက်မှုဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁**

ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီ မိနစ် ၅၀ က အလုံလမ်းအတိုင်း အရှေ့မှ အနောက်သို့ ယာဉ်မောင်း ဦးရာဇာထွန်း (၃၁နှစ်) မောင်းနှင်လာသော (ကိုယ်ပိုင်)ယာဉ်သည် အောက်ကြည့်မြင်တိုင်လမ်းနှင့် အလုံလမ်းမီးပွိုင့်အရောက် မီးနီအား ဖြတ်သန်းမောင်းနှင်စဉ် အောက်ကြည့်မြင်တိုင်လမ်းအတိုင်း မြောက်မှတောင်သို့ မီးစိမ်း၍ မောင်းနှင်လာသော ယာဉ်မောင်း ဦးမြင့်လွင်(၅၆နှစ်) မောင်းနှင်လာသည့် အငှားယာဉ်ကိုတိုက်မိပြီး အလုံလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းထောင့်ရှိ အမှတ်-၃၀၉ ဘီ (LIN TECHNICAL SERVICE) ဆိုင်ကို ထပ်မံဝင်ရောက်တိုက်မိသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးရာဇာထွန်းကို အလုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# မင်္ဂလာဒုံမြို့နယ်တွင် ခရီးသည်တင်ယာဉ်တစ်စီး ဓာတ်ငွေ့အိုးလဲလှယ်ရာမှ မီးလောင်မှုဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့် မြောက်ပိုင်းရပ်ကွက် ဘုရားလမ်းကွေ့တွင် ယနေ့ မွန်းလွဲပိုင်းက ရပ်နားထားသော ခရီးသည်တင်ယာဉ်တစ်စီး ဓာတ်ငွေ့အိုးလဲလှယ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်က ဒဂုံမှ ဆူးလေသို့ပြေးဆွဲသည့် အမြဲစိမ်း (၁) ခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်အမှတ် 9G/ ---- ဟွန်ဒိုင်း အမျိုးအစား မှန်လုံယာဉ်သည် ဓာတ်ငွေ့အိုးလဲလှယ်ရာမှ မီးပွားထွက်၍ ၁၅ မိနစ်ခန့် မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ ထောက်ကြန့်မီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီး၊ မိတ်ဖက်ယာဉ်တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း အဆိုပါ ခရီးသည်တင်ယာဉ်အတွင်းရှိ နှစ်ယောက်ထိုင်ခုံ ၁၆ လုံး ၊ တစ်ယောက်ထိုင်ခုံနှစ်လုံး ၊ ငါးယောက်ထိုင်ခုံ တစ်လုံး၊ တာယာခြောက်လုံးနှင့် မော်တော်ယာဉ်ကြမ်းခင်းများ မီးလောင်ဆုံးရှုံးခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်မောင်းဖြစ်သူမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် သက်ဆိုင်ရာမှ ဥပဒေအရ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

**ပြင်ဦးလွင်မြို့ရှိ စိုက်ပျိုးရေးမြေကွက်အမြန်ရောင်းမည်**

ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်း၊ ရတနာပုံ Cyber City တက္ကသိုလ်အနီး၊ ခွန်လိန်ရွာရှိ မြေဧက(၂၀)အားရောင်းမည်။ ခြံတွင်း၌ စိုက်ပျိုးပြီး(၃)နှစ်သား ယူကလစ်ပင်များပါရှိသည်။ အပင်သန်အားကောင်း၍ မြေဩဇာအလွန်ကောင်းသော မြေနေရာဖြစ်ပါသည်။ ဆက်သွယ်ရန် - ဖုန်း 09-5003288, 09-73169542

**YAR PYAE**

* LCCI (UK) Level I & II, III
* MYOB
* Auto Count

January တန်းခွဲသစ် ကျောင်းအပ်လက်ခံပြီ
- ရုံးချိန်ပြင်ပတန်းခွဲများ ရှိသည်။
- သင်တန်းချိန်ညှိ၍ သင်ကြားနိုင်သည်။

* Excel for Accounting

Daily Transaction များကို စာရင်းသွင်းခြင်းမှ Report (Final Account) ထုတ်သည်ထိ Excel ဖြင့်စာရင်းရေးဆွဲခြင်းကို ကျွမ်းကျင်စေရန်အာမခံဖြင့် သင်ကြားပေးသည်။

တိုက်(၃)၊ အခန်း(B)၊ လှည်းတန်း(၁)လမ်း၊ လှည်းတန်းစင်တာရှေ့၊ ကမာရွတ်မြို့နယ်။
Ph : 09-263937375, 09-263937376, 09-31538581

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး**
**ဖိတ်ကြားခြင်း**

မြန်မာနိုင်ငံဆရာဝန်အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်ဆရာဝန်များအားလုံး တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်**　- ၁၅-၁-၂၀၁၆ရက် (သောကြာနေ့)
**အချိန်**　- နံနက် ၉နာရီမှ ၁၂နာရီ
**နေရာ**　- ခန်းမဆောင်(အေ)
မြန်မာနိုင်ငံဆရာဝန်အသင်း

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန**
**ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။　စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် (၁၀၅) ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ မြေထိန်းနံရံ (Retaining Wall) တည်ဆောက်ခြင်းလုပ်ငန်း(၈၅၀'×၂'-၆"×၉'-၁၀") တည်ဆောက်ရန် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (မူလ) ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငွေလုံးငွေရင်းစာရင်းမှ ငွေကျပ် ၉၈ ဒသမ ၉၇၀ သန်းအား တင်ဒါခေါ်ယူရေးလုပ်ငန်းများအား အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်**　-　၂၈-၁၂-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်**　-　၆-၁-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်အချိန်**　-　၁၄:၀၀ နာရီ

၂။　တင်ဒါခေါ်ယူမှုနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

**ပြည်နယ်ဦးစီးမှူး**
**ပြည်နယ်ဦးစီးမှူးရုံး၊ အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၈၁-၂၁၂၁၆၁၅၊ ၀၈၁-၂၁၂၁၀၉၃**

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/5869 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

**မီးသတိပြု**

**ဒါရိုက်တာအဖွဲ့ဝင် ပြောင်းလဲခန့်အပ်ကြောင်း အများသိစေရန်**

ကျွန်ုပ်တို့ Early Dawn Microfinance Company Limited တွင် ဒါရိုက်တာတစ်ယောက်ဖြစ်သော Mr.Arnoldus Petrus Johannes De Vette သည် တာဝန်ပြီးဆုံးသဖြင့် ၎င်း၏နေရာတွင် Mr.Henri Frederic Marie Swinkels အား ၅-၈-၂၀၁၄ရက်တွင် အစားထိုး ပြောင်းလဲခန့်အပ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့၊**
**Early Dawn Microfinance Company Limited**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1D/7386 To,Hilux Surf KZN 185, S/W ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထိုက် ၁၂/ဒဂတ(နိုင်) ၀၅၅၀၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

# အသုံးပြုသူများလာသော အလုပ်အကိုင်ကြော်ငြာ ဝက်ဘ်ဆိုက်များ

**သတင်းဆောင်းပါး - သူရဖြိုး**

မြန်မာနိုင်ငံတွင် မိုဘိုင်းလ်အင်တာနက်ကို အသုံးများလာသည်နှင့်အမျှ အင်တာနက်အသုံးပြုသူ လူငယ်များအနေဖြင့် အွန်လိုင်းမှ အလုပ်ကြော်ငြာဝက်ဘ်ဆိုက်များကို ကြည့်ရှု၍ အလုပ်ရှာဖွေမှုလည်း များလာလျက်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ်အတွင်း ပြည်တွင်းတွင် မိုဘိုင်းလ်ဖုန်းများဖြင့် အင်တာနက်အသုံးပြုမှုမှာ တစ်ရှိန်ထိုးမြင့်တက်လာရာ နည်းပညာကုမ္ပဏီများကလည်း အင်တာနက်အသုံးပြုသူများကို ဆွဲဆောင်နိုင်မည့် ဝက်ဘ်ဆိုက်များကို အမျိုးမျိုးပြုလုပ်လာကြသည်။ အွန်လိုင်းပေါ်မှ ဈေးရောင်းဝယ်နိုင် အခမဲ့ကြော်ငြာနိုင်သည့် ဝက်ဘ်ဆိုက်များ၊ အလုပ်ကြော်ငြာဝက်ဘ်ဆိုက်များ၊ အိမ်ခြံမြေဈေးကွက်အကြောင်း ဝက်ဘ်ဆိုက်များ၊ သတင်းများကို စုစည်းပေးသော ဝက်ဘ်ဆိုက်များ၊ မိုဘိုင်းလ်အပလီကေးရှင်းများကို အခမဲ့ရယူနိုင်ရန် စုစည်းပေးထားသော ဝက်ဘ်ဆိုက်များစသည်ဖြင့် ဝက်ဘ်ဆိုက်အမျိုးမျိုးကို တင်ပေးလာချိန်တွင် လူအများ၏ စိတ်ဝင်စားမှုအရဆုံးမှာ အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များနှင့် အလုပ်အကိုင်ကြော်ငြာဝက်ဘ်ဆိုက်များ ဖြစ်နေသည်ကို တွေ့ရသည်။

ဆေးဝါးကျွမ်းကျင်အလုပ်တစ်ခုကို ရှာနေသည့် လမ်းမတော်မြို့နယ်မှ အမျိုးသမီးတစ်ဦးက "အရင်ကဆိုရင်တော့ အလုပ်အကိုင်ကြော်ငြာအတွက် ဂျာနယ်တွေကို ဝယ်ဖတ်ရတာပေါ့။ အခုတော့ ဝက်ဘ်ဆိုက်တွေရှိလာတော့ ဝက်ဘ်ဆိုက်တွေထဲ ဝင်ကြည့်လိုက်တာက ဂျာနယ်တွေဖတ်ပြီး ရှာရတာထက် ပိုအဆင်ပြေတယ်။ ဂျာနယ်လိုတစ်မျက်နှာချင်း ဖတ်နေစရာမလိုဘဲ သတ်မှတ်ထားတဲ့ categories တွေအတိုင်း ရှာလိုက်ရင် ကိုယ့်အရည်အချင်းနဲ့ ကိုက်တာမျိုးကို တွေ့ရတာလွယ်တယ်။ ပြီးတော့ ကိုယ်လိုချင်တဲ့ ကုမ္ပဏီအမျိုးအစားကိုလည်း ဝက်ဘ်ဆိုက်မှာပေးထားတဲ့ Search ကနေ ရှာလိုက်လို့ရတော့ အချိန်ကုန်လည်း သက်သာတယ်"ဟု ဝက်ဘ်ဆိုက်များ၏ အားသာချက်ကို ပြောပြသည်။

ဝက်ဘ်ဆိုက်များတွင် ထိုမျှမကသော အခြားအားသာချက်များလည်း ရှိသေးသည်။ ဂျာနယ်ကိုဖတ်ပြီး အလုပ်တစ်ခုကိုတွေ့၍ သွားရောက် အလုပ်လျှောက်မည်ဆိုလျှင် ထိုအလုပ်၏ လိပ်စာ၊ ဖုန်းနံပါတ် စသည်တို့ကို မမေ့ရန် ဂျာနယ်တစ်စောင်လုံး ယူသွားရသော်လည်း မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် ဝက်ဘ်ဆိုက်ကိုကြည့်၍ ရှာဖွေပါက အလုပ်လျှောက်ရမည့် ရုံးလိပ်စာကို ဖုန်းတွင်ပင် သိမ်းထားနိုင်ခြင်း၊ အလုပ်ခေါ်သည့် ကုမ္ပဏီများတွင် ဝက်ဘ်ဆိုက်ရှိပါက တိုက်ရိုက်ဝင်ရောက်လေ့လာနိုင်ခြင်းစသည့် အားသာချက်များလည်း ရှိသည်။

ထို့အပြင် ဝက်ဘ်ဆိုက်များတွင် ကြော်ငြာနေရာသည် ဂျာနယ်စာမျက်နှာကဲ့သို့ အကန့်အသတ်မရှိဘဲ လိုအပ်သလို တိုးချဲ့နိုင်သဖြင့် ယခုနောက်ပိုင်းတွင် အချို့အလုပ်များမှာ အလုပ်ကြော်ငြာနှင့်အတူ CV ဖောင်များကိုပါ တင်ထားပေးလာပြီး ထို CV ဖောင်များကို ဖြည့်စွက်ကာ ဝက်ဘ်ဆိုက်မှပင် တိုက်ရိုက် အလုပ်လျှောက်နိုင်လာသည်။ CV ဖောင်နှင့် ဓာတ်ပုံများအတွက် ကုန်ကျစရိတ်များ၊ အလုပ်သွားလျှောက်သည့် လမ်းစရိတ်ကုန်ကျမှုများကို လျှော့ချလာနိုင်ခြင်းကလည်း အလုပ်လျှောက်မည့် လူငယ်များအတွက် များစွာအဆင်ပြေစေသော အချက်တစ်ခု ဖြစ်လာသည်။

မြန်မာနိုင်ငံမှ ကွန်ပျူတာနည်းပညာနယ်ပယ်တွင် ကျွမ်းကျင်သူလူငယ်များ၊ ပြည်ပ နည်းပညာကုမ္ပဏီများတွင် အလုပ်လုပ်လိုသော လူငယ်များအနေဖြင့် ယခင်ကပင် LinkedIn ကဲ့သို့သော ဝက်ဘ်ဆိုက်များမှတဆင့် မိမိတို့၏ ကျွမ်းကျင်မှုဆိုင်ရာ Profile များကို တည်ဆောက်ထားကာ အလုပ်အကိုင်ရရှိရေးအတွက် အသုံးပြုခဲ့ကြသော်လည်း လူအများစုအတွက်မှာမူ လွန်စွာအလှမ်းဝေးပြီး ခဲယဉ်းသော အနေအထားဖြစ်ခဲ့သည်။ ထိုဝက်ဘ်ဆိုက်များကို အင်္ဂလိပ်စာဖြင့် အသုံးပြုရခြင်းကလည်း ပြည်တွင်းမှလူငယ်များအတွက် အခက်အခဲဖြစ်စေခဲ့သည်။ ထို့အတူ အလုပ်ရှင်များအနေဖြင့်လည်း ဝန်ထမ်းအလိုရှိပါက ဝက်ဘ်ဆိုက်များမှ ကြော်ငြာရန်ကို မစဉ်းစားခဲ့ကြဘဲ သတင်းစာ၊ ဂျာနယ်များတွင်သာ ကြော်ငြာထည့်သွင်း ခေါ်ယူခဲ့ကြသည်။

"တစ်ကမ္ဘာလုံးကလူတွေ အင်တာနက်ကို ကိစ္စရပ်မျိုးစုံအတွက်အသုံးချရာမှာ သတိမထားမိကြတာကတော့ အလုပ်အကိုင်ရှာဖွေခြင်းနဲ့ တိုးတက်ရေးတို့ ဖြစ်ပါတယ်။ LinkedIn နဲ့ လွန်ခဲ့တဲ့နှစ်တွေက မြန်မာနိုင်ငံနဲ့ ကမ္ဘာမှာ အသစ်ပေါ်ပေါက်လာတဲ့ databases တွေကြောင့် အင်တာနက်ကိုအသုံးပြုပြီး professional profile တစ်ခုဖန်တီးဖို့အများကြီး လွယ်ကူလာပြီဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Petter Furberg က တောင်ငူမြို့ ကွန်ပျူတာတက္ကသိုလ်၌ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပသည့် Telenor Net Monday တွင် ပြောသည်။

ယခုအချိန်တွင်မူ အင်တာနက်အသုံးပြုသူဦးရေ တိုးလာခြင်းနှင့်အတူ ပြည်တွင်းမှ လူငယ်များအနေဖြင့် ဝက်ဘ်ဆိုက်များကို အသုံးပြု၍ အလုပ်ရှာဖွေမှုလည်း များလာပြီဖြစ်သလို အလုပ်အကိုင်ရှာဖွေမည့် လူငယ်များအတွက် အလုပ်ကြော်ငြာများ တင်ပေးနေသော ဝက်ဘ်ဆိုက်များလည်း များလာနေပြီဖြစ်သည်။ လက်ရှိအချိန်တွင် www.work.com.mm, www.myjobs.com.mm စသည့် ဝက်ဆိုက်များမှာ လူသိများသော ဝက်ဘ်ဆိုက်များဖြစ်ပြီး www.jobnet.com.mm, www.hotjobs.com.mm စသည့် ဝက်ဘ်ဆိုက်များမှာလည်း အသုံးပြု၍ကောင်းသော ဝက်ဘ်ဆိုက်များဖြစ်ကြောင်း ဝက်ဘ်ဆိုက်များ အသုံးပြု၍ အလုပ်ရှာနေဆဲနှင့် အလုပ်ရခဲ့သော လူငယ် အချို့ထံမှ သိရသည်။

အလုပ်ရှင်အများစုအနေဖြင့်လည်း အလုပ်ရှာဖွေရေး ဝက်ဘ်ဆိုက်များတွင်ကြော်ငြာခြင်း၊ ကိုယ်ပိုင်ဝက်ဘ်ဆိုက်နှင့် Facebook စာမျက်နှာများတွင် ကြော်ငြာခြင်းတို့ကို တွင်တွင်ကျယ်ကျယ် လုပ်လာကြပြီဖြစ်သည်။ ။

## တယ်လီနောကွန်ရက် လားရှိုးမြို့တွင် စတင်အသုံးပြုနိုင်

**ရန်ကုန် ဇန်နဝါရီ ၁**

တယ်လီနောမြန်မာ၏ မိုဘိုင်းကွန်ရက်ကို ရှမ်းပြည်နယ် လားရှိုးမြို့တွင် ဒီဇင်ဘာလကုန်ပိုင်း၌ စတင်ဖြန့်ကြက်နိုင်ခဲ့ကြောင်း တယ်လီနောမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"လားရှိုးမြို့က ရှမ်းပြည်နယ်မှာ တယ်လီနောမြန်မာရဲ့ ဒုတိယမြောက် ကွန်ရက် ဖွင့်လှစ်တဲ့ မြို့ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဈေးနှုန်းအသက်သာဆုံး ဖုန်းခေါ်ဆိုမှုနဲ့ အင်တာနက် ဝန်ဆောင်မှုတွေကို ဆက်လက်ပေးအပ်နေပါတယ်။ ကျွန်တော်တို့ရဲ့ ကွန်ရက်က နောက် ၃၊ ၄ နှစ်လောက်ဆိုရင် မြို့၊ ကျေးလက်ဒေသပေါင်းများစွာကို ရောက်ရှိသွားမှာဖြစ်ပါတယ်။ အခု ကွန်ရက်ဖြန့်ကြက်ပြီးသားနေရာတွေကိုလည်း ပိုပြီးကောင်းမွန်လာအောင် အစဉ်မပြတ်ဆောင်ရွက်နေပါတယ်"ဟု တယ်လီနောမြန်မာမှ အမှုဆောင်အရာရှိချုပ် Mr. Petter Furberg က ပြောသည်။

လားရှိုးမြို့တွင် တာဝါတိုင် ၃၂ တိုင်ဖြင့် ဝန်ဆောင်မှုစတင်ပေးခြင်းဖြစ်ပြီး ရှမ်းပြည်နယ်တစ်ခုလုံးတွင် တာဝါတိုင် ၂၃၇ တိုင် တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ ကွန်ရက်စွမ်းဆောင်မှုများ ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် လားရှိုးမြို့တွင် အရောင်းဆိုင်ပေါင်း ၉၀၀ ကျော်၊ ဖြန့်ချိရောင်းချသူ နှစ်ဦးနှင့် တယ်လီနောနှင့် Franchaise စနစ်ဖြင့် ပူးပေါင်းဖွင့်လှစ်သည့် FOFO ဆိုင် သုံးဆိုင်လည်း ဖွင့်လှစ်ထားပြီဖြစ်ကြောင်း သိရသည်။

တယ်လီနောသည် မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း မန္တလေးမြို့နှင့် အောက်တိုဘာလအတွင်း ရန်ကုန်မြို့များတွင် တိုင်အရေအတွက် ၄၀၀ ကျော်ဖြင့် စတင်၍ ဝန်ဆောင်မှုပေးခဲ့ကာ ယခုအချိန်တွင် ရန်ကုန်နှင့် မန္တလေးနှစ်မြို့တွင် တိုင်အရေအတွက် ၁၇၀၀ ကျော် ရှိနေပြီဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာတစ်နိုင်ငံလုံးအနေဖြင့် တိုင်အရေအတွက် ၄၀၀၀ ကျော်ရှိနေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုတွင် 3G ကွန်ရက်ဖြင့် မိုဘိုင်းလ်နှင့် အင်တာနက်ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

**သူရဖြိုး**

# New Product

## ဈေးနှုန်းသက်သာပြီး စွမ်းဆောင်ရည်မြင့်တဲ့ Meizu M2 note



Meizu M2 note သည် ပြည်တွင်းဈေးကွက်တွင် နာမည်ရခါစ အမှတ်တံဆိပ်တစ်ခုဖြစ်သည့် Meizu မှ ထုတ်လုပ်သည့် စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်သည်။ ဒီဇင်ဘာ လကုန်ပိုင်းတွင် စတင်ရောင်းချနေပြီး ဈေးနှုန်းချိုသာကာ စွမ်းဆောင်ရည်မြင့်မားသောကြောင့် ပြည်တွင်းဈေးကွက်တွင် အကြိုက်တွေ့လာနိုင်ဖွယ်ရှိသည့် မော်ဒယ်တစ်ခုဖြစ်နေသည်။

M2 note ကို မင်မိုရီ 16GB နှင့် 32GB ပါဝင်သော ဗားရှင်းနှစ်မျိုး ထုတ်လုပ်ထားသည်။ CPU အနေဖြင့် စွမ်းဆောင်ရည်မြင့်မားသော Octa-core 1.3 GHz ကို သုံးထားသောကြောင့် အပလီကေးရှင်းများ၊ ဂိမ်းများကို ပေါ့ပါးမြန်ဆန်စွာ သုံးနိုင်မည်ဖြစ်သည်။ RAM Memory 2GB ပါဝင်ပြီး မင်မိုရီကတ်ကို 128GB အထိ ထပ်စိုက်၍ သုံးနိုင်ရန် ထောက်ပံ့ပေးထားသည်။

မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိပြီး Resolution 1080 x 1920 အထိ ရှိသဖြင့် ရုပ်ထွက်ပိုင်းတွင် မြင့်မားသော ဖုန်းတစ်ခုဖြစ်သည်။ ကင်မရာအနေဖြင့် နောက်ကင်မရာက ၁၃ မဂ္ဂါပစ်ဇယ်နှင့် ရှေ့ကင်မရာက ၅ မဂ္ဂါပစ်ဇယ်ရှိသောကြောင့် ကင်မရာပိုင်းလည်း ကောင်းမွန်သည်။ အန်းဒရွိုက်ဗားရှင်းမှာ 5.1 Lollipop ဖြစ်သည်။ ဘက်ထရီအနေဖြင့် 3100 mAh ဖြစ်သည်။

ဆင်းကတ်နှစ်ကတ် ထည့်သုံးနိုင်ပြီး မိုဘိုင်းနက်ဝပ်မှာ GSM ဖြစ်ကာ အင်တာနက်နက်ဝပ်ကို 3G မှ 4G LTE အထိ ထောက်ပံ့ပေးထားသည်။ အားနည်းချက်မှာ ဒုတိယဆင်းကတ်ကို မင်မိုရီကတ်ထည့်သည့်အပေါက်နေရာတွင် ထည့်သုံးရသဖြင့် ဆင်းကတ်နှစ်ကတ်လုံး သုံးပါက မင်မိုရီကတ်စိုက်၍ မရခြင်းဖြစ်သည်။

ဈေးနှုန်းမှာ မင်မိုရီ 16GB က ကျပ် ၁၆၄၀၀၀ ဖြစ်ပြီး မင်မိုရီ 32GB က ကျပ် ၁၉၉၀၀၀ ဖြစ်ကာ တစ်နှစ်အာမခံနှင့်အတူ အော်ရီဂျင်နယ်ကာဗာနှင့် screen guard များ လက်ဆောင်ရရှိမည်ဖြစ်သည်။

**သူရဖြိုး**

## ပြည်တွင်းအမှတ်တံဆိပ် Notebook သစ် be Sleek Pro V1 Ultrabook ကို KMD မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၁**

ကမ္ဘာ့ အိုင်တီနည်းပညာလောကတွင် ဦးဆောင်လျက်ရှိသော Intel နှင့် မြန်မာနိုင်ငံမှ နည်းပညာကုမ္ပဏီ KMD Group of Companies တို့ ပူးပေါင်း၍ မြန်မာအမှတ်တံဆိပ်အဖြစ် ထုတ်လုပ်သည့် be အမှတ်တံဆိပ် Notebook မော်ဒယ်သစ် be Sleek Pro V1 Ultrabook ကို ဒီဇင်ဘာ ၂၃ ရက်က စတင်မိတ်ဆက်ခဲ့သည်။



be Sleek Pro V1 Ultrabook တွင် လုပ်ငန်းဆောင်တာများကို တစ်ပြိုင်နက်တည်း လျင်လျင်မြန်မြန်လုပ်ဆောင်နိုင်သော Intel 5th Generation Core i3 5005 Processor, 4GB DDR- 3L RAM နှင့် 64GB SSD Storage တို့ ပါဝင်သည်။ ကြည်လင် ပြတ်သားသော အသံပိုင်းကို ပေးစွမ်းမည့် Dual Stereo Speaker၊ Full HD မြင်ကွင်းကို ရရှိနိုင်မည့် 1920x1080 Resolution ၁၃ ဒသမ ၃ လက်မ မျက်နှာပြင်နှင့် 7000 mAh ရှိ 4 Cell Polymer Lion ဘက်ထရီများပါဝင်သောကြောင့် စီးပွားရေးလုပ်ငန်းသုံးအတွက်ဖြစ်စေ၊ ဖျော်ဖြေရေးအနေဖြင့်ဖြစ်စေ အသုံးပြုနိုင်မည်ဖြစ်သည်။ အရောင်မှာ ရွှေရောင်ဖြစ်ပြီး ပေါ့ပါးစမတ်ကျသော ဒီဇိုင်းဖြစ်ကာ တစ်နှစ် အာမခံချက်ပါဝင်သည်။ ဈေးနှုန်း ၄၉၉ ဒေါ်လာဖြင့် ဒီဇင်ဘာ ၂၅ ရက်မှစ၍ KMD ဆိုင်များနှင့် ရန်ကုန်မြို့ရှိ တရားဝင် အရောင်းကိုယ်စားလှယ် ဆိုင်များမှ ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

be Sleek Pro V1 Ultrabook သည် be အမှတ်တံဆိပ်၏ ဒုတိယမြောက် Notebook ဖြစ်သည်။ be အမှတ်တံဆိပ်၏ ပထမဦးဆုံး ထုတ်ကုန် be Tab 10 Pro 2 in 1 Hybrid Tablet ကို ယခု နှစ်မတ်လတွင် စတင် မိတ်ဆက်ခဲ့သည်။ be Tab 10 Pro Tablet ကို ၂၅၉ ဒေါ်လာနှင့် 3G Stick နှင့် ကီးဘုတ်ကာဗာများ အပါအဝင် ၂၉၉ ဒေါ်လာဖြင့် ရောင်းချခဲ့သည်။ be Tab 10 သည် ဝင်းဒိုးစနစ်သုံး ဖြစ်သဖြင့် Tablet အနေနှင့် ဖြစ်စေ Notebook အနေနှင့် ဖြစ်စေ အသုံးပြုနိုင်သောကြောင့် ပြည်တွင်းဈေးကွက်တွင် လူကြိုက်များခဲ့ပြီး အထူးသဖြင့် ကွန်ပျူတာ အသုံးပြုရသော ကျောင်းသား ကျောင်းသူများနှင့် ရုံးဝန်ထမ်းများ ပို၍အကြိုက်တွေ့ခဲ့ကြောင်း သိရသည်။

**သူရဖြိုး**

## သတင်းတိုများ

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ရှမ်းပြည်နယ် ကျောက်မဲမြို့၌ ယာဉ်မတော်တဆမှုများ ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို အမှတ်(၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောက်မဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းခိုင်၊ ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုရဲမှူးချစ်စိန်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး-၂ ဦးစိုးရွှေတို့က ကားနှင့် ဆိုင်ကယ်များ မောင်းနှင်စီးနင်းသူများအနေဖြင့် သိရှိလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအကြောင်း အသိပညာပေးဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး လက်ကမ်းစာစောင်များကိုလည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဟောပြောပွဲ တက်ရောက်သော ပြည်သူများအား ဝေငှပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ဖျာပုံမြို့တွင် ဒုတိယမြောက်မီးပွိုင့်တပ်ဆင်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၁)၊ (၃)၊(၄)ရပ်ကွက်ရှိ ချောင်းတွင်းလမ်းမကြီးနှင့် အောင်သုခလမ်းတို့ ဆုံရာနေရာတွင် ယာဉ်အန္တရာယ်လျော့ပါးစေရေးအတွက် မီးပွိုင့်သစ်တစ်ခုကို တပ်ဆင်ခဲ့ရာ ဒီဇင်ဘာ ၃၀ ရက်က စတင်ဖွင့်လှစ်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

မီးပွိုင့်သစ်ကို ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသံချောင်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူအပြုအဖွဲ့မှ ဦးသိန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မီးပွိုင့်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးမြင့်မောင်ထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါမီးပွိုင့်သည် ဖျာပုံမြို့တွင် ဒုတိယမြောက် တပ်ဆင်အသုံးပြုသည့် မီးပွိုင့်ဖြစ်ပြီး ပထမမီးပွိုင့်ကို ဖျာပုံမြို့ ဒုတိယလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း ဆုံရာနေရာတွင် တပ်ဆင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

**သူစာနွယ်(ဖျာပုံ)**

### မူလတန်းအဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့မပြည်သူ့အားကစားကွင်း၌ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဖလား ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မူလတန်းအဆင့် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က စတင်ကျင်းပခဲ့သည်။

ပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူးဦးစောလွင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ မိတ္ထီလာမြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်း အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဘောလုံးဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ကျော်ကျော်(မလှိုင်)**

### ကျေးရွာစက်ရေတွင်းသစ်ဖွင့်လှစ်

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် တည်ပင်ကန်ပေါက်ကျေးရွာ၌ စက်ရေတွင်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဝန်ကြီး၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် မကွေးခရိုင်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

တည်ပင်ကန်ပေါက်ကျေးရွာ စက်ရေတွင်းသစ်ကို မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းရန်ပုံငွေကျပ် ၂၀ ဒသမ ၆၅၂၄ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရေတွင်းအနက် ပေ ၇၀၀၊ ရေမြုပ်ပန့်နှင့် မီးစက်၊ ရေစက်ရုံ၊ ဂါလန် ၂၀၀၀ ဆံ့ ရေကန်များပါဝင်ပြီး တစ်နာရီလျှင် ရေဂါလန် ၁၈၀၀ ထွက်ရှိသောကြောင့် ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေ လုံလောက်စွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

### ကွန်ကရစ်ဓာတ်တိုင်များလဲလှယ်

ရွှေကူမြို့ အမှတ်(၄)ရပ်ကွက်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ပြည်သူများ ဓာတ်အားအပြည့်အဝ ရရှိအသုံးပြုနိုင်ရေးအတွက် သစ်သားဓာတ်တိုင်ဟောင်းများနေရာတွင် ကွန်ကရစ်ဓာတ်တိုင်သစ်များ အစားထိုးလဲလှယ်ခြင်းနှင့် ဓာတ်ကြိုးဟောင်းများကို အသစ်လဲလှယ်တပ်ဆင်ခြင်း၊ လမ်းမီးများ တပ်ဆင်ပေးခြင်းတို့ကို မြို့နယ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဒီဇင်ဘာ ၂၈ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

## ကသာခရိုင်အတွင်း ဆောင်းမြေပဲများ စတင်စိုက်ပျိုးလျက်ရှိ

**ကသာ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ မြို့နယ်အများစုတွင် ဆောင်းသီးနှံဖြစ်သည့် မြေပဲကို စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

ကသာခရိုင်အတွင်းရှိ ကသာမြို့နယ်နှင့်ထီးချိုင့်မြို့နယ်တို့သည် ဧရာဝတီမြစ်ကမ်းဘေး ဝဲယာတွင် တည်ရှိနေပြီး ဒေသခံတောင်သူများမှာ ရာသီပေါ် သီးနှံများအပြင် စပါး၊ ပဲ၊ ပြောင်း၊ ကြံစသည်တို့ကို စိုက်ပျိုးကြသည်။ ဧရာဝတီမြစ်ရေကျချိန်ဖြစ်သော နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ဧရာဝတီမြစ်ကမ်းဘေးဝဲယာ၌ မြေဆီဩဇာပြည့်ဝသော နုန်းတင်မြေနုကျွန်းမြေများ ဧကပေါင်းများစွာ ပေါ်ပေါက်လာကြသည်။ ထိုမြေနုကျွန်းများပေါ်တွင် ဒေသခံတောင်သူများအနေဖြင့် နှစ်စဉ်မြေပဲ စိုက်ပျိုးကာ ဝင်ငွေတိုး၍ အဆင်ပြေကြကြောင်း သိရသည်။



မြေနုကျွန်းတစ်ခုပေါ်တွင် စိုက်ပျိုးထားသော မြေပဲခင်းများ။

ကသာမြို့နယ်မှ မြေပဲစိုက်တောင်သူ တစ်ဦးက "ကျွန်တော်က ဒီမြေတွေပေါ်မှာ နှစ်စဉ်ဆောင်းမြေပဲ စိုက်ပျိုးပါတယ်။ မြေပဲအထွက်နှုန်းကတော့ ရာသီဥတု မှန်ရင်မှန်သလို အထွက်နှုန်းကောင်းပါတယ်။ ပျမ်းမျှအားဖြင့် တစ်ဧကကို မြေပဲဆံ တင်း ၄၀ ကနေ ၄၅ တင်းလောက်ထွက်ပါတယ်။ အကျိုးအမြတ်များပြားပါတယ်။ မြေဧကအများကြီး စိုက်ပျိုးတဲ့ တောင်သူတွေဆိုရင် လုပ်သားတွေအများကြီး ငှားရမ်းခေါ်ယူပြီးတော့ လုပ်ကိုင်ကြရပါတယ်။ ကျွန်တော်စိုက်ပျိုးခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ရာသီဥတုဖောက်ပြန်တဲ့ နှစ်တစ်နှစ်ပဲ အကျိုးအမြတ် မရခဲ့တာပါ။ ကျန်တဲ့နှစ်တွေမှာတော့ အဆင်ပြေပါတယ်။ ကျွန်တော်တို့ ဒေသမှာ တစ်နှစ်မှ တစ်ကြိမ်သာစိုက်ပျိုးကြတဲ့ ဆောင်းမြေပဲဟာ တောင်သူတွေအတွက် အကျိုးအမြတ်ဖြစ်ထွန်းစေလို့ စိုက်ပျိုးသင့်တဲ့သီးနှံဖြစ်ပါတယ်"ဟု ရှင်းပြသည်။

မြေပဲစိုက်တောင်သူများအနေဖြင့် ဆောင်းမြေပဲ တစ်ဧက စိုက်ပျိုးရန် မျိုးမြေပဲဆံတစ်တင်းခွဲခန့်ဖြင့် ထွန်ယက်စိုက်ပျိုးရကြောင်း၊ မျိုးမြေပဲဆံဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၄၅၀၀၀ မှ ၄၇၀၀၀ ခန့်ရှိရာ အထွက်နှုန်းကောင်းသော မြေတွင် စိုက်ပျိုးခြင်းဖြစ်သဖြင့် တောင်သူများအတွက် အကျိုးအမြတ်များပြားကြောင်း သိရသည်။

**ဖိုးနိုင်(ကသာ)**

## တနင်္သာရီ၌ ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ နေ့စဉ်ဆောင်ရွက်လျက်ရှိ

**တနင်္သာရီ ဇန်နဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်ပူးပေါင်းအဖွဲ့မှ မော်တော်ယဉ်များ၊ ဆိုင်ကယ်မောင်းနှင်သူများ၊ အမြန်ရေယာဉ်များဖြင့် လိုက်ပါစီးနင်းသူများ၊ ကားဂိတ်နှင့် မြို့အဝင် တံတားရဲကင်းအနီးနှင့် ရေဆိပ်တို့တွင် ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး၊ မြို့မရဲစခန်းမှူး ရဲအုပ်မောင်မောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလွှမ်းမိုးအောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နေ့၊ ညခွဲ၍ ရပ်တန့်ရှာဖွေစစ်ဆေးမှုများပြုလုပ်ကြကြောင်း၊ တစ်ဖက်နိုင်ငံဘက်မှ အကြမ်းဖက်အဖွဲ့များ ဝင်ရောက်လာမှုမရှိစေရေးနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ လူကိုအန္တရာယ်ပြုနိုင်သော လက်နက် ခဲယမ်းများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည်များကို အဓိကထား ရှာစစ်ဆေးခြင်းဖြစ်ကြောင်း၊ ညပိုင်းတွင်ပြည်သူများ အေးချမ်းစွာအိပ်စက်နိုင်ရန် ရဲတပ်ဖွဲ့မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့ဖြင့်လည်း လှည့်ကင်းများ လှည့်လည်စောင့်ကြပ်ပေးလျက်ရှိကြောင်း မြို့မရဲစခန်းမှူးထံမှ သိရသည်။

"ကျွန်တော်တို့ ဒီလို နေ့၊ ညခွဲပြီး စစ်ဆေးတာဟာ အကြမ်းဖက်အဖွဲ့တွေ ဝင်ရောက်လာမှာကို အဟန့်အတားဖြစ်စေနိုင်မယ်။ မကောင်းကြံမယ့်သူရှိရင် တောင်မှ ရပ်တန့်သွားလိမ့်မယ်လို့ မျှော်လင့်မိတယ်။ ဒီလို စစ်ဆေးပေးနေတာအခုဆိုရင် တစ်လလောက်ရှိပြီ၊ ထူးထူးခြားခြားတော့ မတွေ့ရသေးဘူး" ဟု မြို့မရဲစခန်းမှူး ရဲအုပ်မောင်မောင်က ပြောသည်။

**နန်းသာရီ-ထိန်ဝင်း**






## ဂါလန် ၁၂၀၀၀ ဆံ့ရေစင်နှင့်ရေပေးဝေရေးလုပ်ငန်းများ ပြီးစီး

**မိတ္ထီလာ ဇန်နဝါရီ ၁**

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်သို့ နေ့စဉ်ရေပေးဝေနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သော အဝီစိတွင်းလုပ်ငန်းများနှင့် ဂါလန် ၁၂၀၀၀ ဆံ့ရေစင်တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် မကြာမီ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ပြီးစီးပါက စတင်ရေဖြန့်ဝေပေးနိုင်တော့မည်ဟု သိရသည်။

ရန်မျိုးအောင်ရပ်ကွက်သို့ ရေပေးဝေရန်အတွက် ကျီးတော်ကုန်းသင်္ချိုင်းဟောင်းနေရာတွင် တစ်နာရီလျှင် ရေဂါလန် ၇၀၀၀ ထွက်ရှိသည့် အနက် ၄၅၀ ပေရှိ ၁၀ လက်မ အဝီစိတွင်းနှစ်တွင်းကို တူးဖော်ခဲ့ပြီး အထက(၂)ကျောင်းကုန်းပေါ်၌ အမြင့်ပေ ၅၀ ရှိ ရေဂါလန် ၁၂၀၀၀ ဆံ့ သံကူကွန်ကရစ်ရေစင်ကြီးကို မြို့နယ်စည်ပင်သာယာရေးကော်မတီက ကြီးကြပ်ပြီး မိုးပြည့်ထွန်းကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ရေစင်တည်ဆောက်ပြီးသဖြင့် ရပ်ကွက်အတွင်းသို့ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ယခင်က ရပ်ကွက်အတွင်းသို့ ငါးရက်လျှင်တစ်ကြိမ်သာ ရေပေးဝေနိုင်ရာမှ နေ့စဉ် ရေပေးဝေမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စည်ပင်သာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ဦး၏ ပြောကြားချက်အရ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဗိုလ်လုပွဲအထိတက်လှမ်းနိုင်ရေး အပြိုင်အားထုတ်ကြမယ့် ကက်ပီတယ်ဝမ်းဖလား အကြိုဗိုလ်လုပွဲ

မိုးမြင့်လင်းလက်

ကက်ပီတယ်ဝမ်းဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွေကို ဇန်နဝါရီ ၅ ရက်နဲ့ ၆ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ လက်တစ်ကမ်းအကွာကို ရောက်ရှိလာပြီဖြစ်တဲ့ ကက်ပီတယ်ဝမ်းဖလားကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင် အောင်ပွဲခံနိုင်ရေးအတွက် အရေးကြီးတဲ့ပွဲစဉ်တွေဖြစ်တာမို့ အကြိုဗိုလ်လုပွဲရောက်ရှိလာတဲ့ လေးသင်းစလုံး အားကောင်းမောင်းသန် ကစားကြတော့မှာဖြစ်ပါတယ်။ ဒီနှစ် အကြိုဗိုလ်လုပွဲ တက်ရောက်လာတဲ့ စတုတ်၊ လီဗာပူး၊ အဲဗာတန်နဲ့ မန်စီးတီးအသင်းတွေဟာ လက်ရှိမှာ ခြေစွမ်းကောင်းတွေကိုယ်စီ ပိုင်ဆိုင်ထားကြတာမို့ ပရိသတ်တွေအတွက် နှစ်သစ်မှာ ရင်ခုန်စွာနဲ့ ပွဲကောင်းတွေကို ကြည့်ရှုအားပေးခွင့်ရတော့မှာဖြစ်ပါတယ်။




**စတုတ်နှင့်လီဗာပူး**

ပုံမှန်ခြေစွမ်းရနေတဲ့ စတုတ်တို့ဟာ လောလောဆယ် နောက်ဆုံး ခြောက်ပွဲကစားခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် မန်စီးတီး၊ မန်ယူနဲ့ အဲဗာတန်လိုအသင်းတွေကို နိုင်ပွဲရအောင် ကစားနိုင်ခဲ့ပြီး အကောင်းဆုံးခြေစွမ်းရှိကြောင်း ပြသထားနိုင်ပါတယ်။ ဝက်စ်ဟမ်းကို ဂိုးမရှိ သရေပွဲကစားခဲ့ပြီး ပဲလေ့စ်တိုကိုတော့ အိမ်ကွင်းမှာ ရှုံးပွဲကြုံခဲ့တာမို့ စိတ်ပျက်စရာတော့ ရှိနေတာ အမှန်ပါပဲ။ စတုတ်နဲ့ တိုက်စစ်က ပွဲတိုင်းဂိုးရအောင် သွင်းယူနိုင်နေပြီး ခံစစ်ပိုင်းကလည်း အမှားအယွင်းမရှိအောင် သေသပ်နေပါတယ်။ စတုတ်တို့ရဲ့ ဒီနှစ် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ ဖြတ်သန်းမှုကို ကြည့်ရင် ဖူလ်ဟမ်၊ ချယ်လ်ဆီး၊ ရှက်ဖီးတို့ကို ကျော်ဖြတ်လာတာဟာ ခက်ခဲလွန်းခဲ့တာတော့ အမှန်ပါပဲ။ ဖူလ်ဟမ်ကို အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး ချယ်လ်ဆီးကို အိမ်ကွင်းမှာ တစ်ဂိုးစီ သရေကစားခဲ့တဲ့အပြင် ရှက်ဖီးကို အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပြီး အခုလို အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ လီဗာပူးတို့ကတော့ လောလောဆယ် နောက်ဆုံးလေးပွဲကစားခဲ့တာကို ကြည့်ရင်တော့ လက်စတာကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပြီး ဝက်ဖို့ဒ်ကို အဝေးကွင်းမှာ သုံးဂိုးပြတ်ရှုံးခဲ့သလို ဝက်စ်ဘရွန်းနဲ့ ဆီယွန်ကိုတော့ သရေပွဲဆက်တိုက်ဖြစ်ထားခဲ့ပါတယ်။ ဒါကြောင့် နောက်ဆုံးလေးပွဲမှာ တစ်ပွဲသာအနိုင်ရရှိထားတဲ့ လီဗာပူးရဲ့ခြေစွမ်းက အတက်အကျ မြန်ဆန်ပြီး ခန့်မှန်းရခက်တဲ့ အနေအထားရှိနေပါတယ်။ ဒီနှစ် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲမှာ လီဗာပူးရဲ့ ဖြတ်သန်းလာမှုကိုကြည့်ရင် ကလစ္စလီကို အိမ်ကွင်းမှာ တစ်ဂိုးစီသရေ၊ ဘုန်းမောက်ကို အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး ဆောက်သမ်တန်ကို အဝေးကွင်းမှာ ခြောက်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ ဒီအဆင့်အထိ တက်လှမ်းလာတာဖြစ်ပါတယ်။ လီဗာပူးဟာ ပရီမီယာလိဂ်မှာ အခြေအနေမကောင်းတာမို့ အခု ကက်ပီတယ်ဝမ်းဖလားကို မျှော်မှန်းနေတာကြောင့် ဒီပွဲမှာ ခြေကုန်ဖွင့်ပြီး နောက်ဆုံး ဗိုလ်လုပွဲအထိ တက်လှမ်းပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံး ငါးကြိမ် တွေ့ဆုံခဲ့မှုကို ကြည့်ရင် လီဗာပူးက လေးကြိမ်နိုင်ပြီး စတုတ်တို့က တစ်ကြိမ်နိုင်ထားပါတယ်။ လက်ရှိမှာ ခြေစွမ်းတက်နေပြီး အသင်းလိုက်ကစားပုံ တိုးတက်လာတဲ့ လီဗာပူးတို့ ဒီပွဲမှာ အောင်ပွဲခံသွားမယ်လို့ ယုံကြည်ပါတယ်။

**အဲဗာတန်နှင့် မန်စီးတီး**

ပြိုင်ပွဲစုံမှာ ရလဒ်တွေ ဆိုးရွားနေတဲ့အဲဗာတန်တို့အတွက် အကြိုဗိုလ်လုပွဲမှာ မန်စီးတီးနဲ့ တွေ့ဆုံရမှုက ခက်ခဲကြမ်းတမ်းမှာတော့ အမှန်ပါပဲ။ မန်စီးတီးတို့ဟာ ကက်ပီတယ်ဝမ်းဖလားကို ပစ်မှတ်ထားနေတာမို့ အဲဗာတန်ကို တိုက်စစ်ဖွင့်ပြီး ဖိအားပေးကစားပါလိမ့်မယ်။ မန်စီးတီးရဲ့ ဒီနှစ် ကက်ပီတယ်ဝမ်းဖလား ဖြတ်သန်းလာမှုကိုကြည့်ရင် ဆန်းဒါးလန်းကို လေးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ပဲလေ့စ်အသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ်နိုင်ကာ ဟားလ်စီးတီးကိုတော့ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး ဒီအဆင့်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဂိုးပြတ်တွေသွင်းပြီး ဆက်တိုက်နိုင်ပွဲရယူလာတဲ့ မန်စီးတီးကို အဲဗာတန်တို့ လက်ရှိခြေစွမ်းနဲ့ တောင့်ခံနိုင်တော့မလွယ်ပါဘူး။ အဲဗာတန်တို့ကတော့ ဒီအဆင့်အထိ ရောက်ရှိလာအောင် ရီဒင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး နော့ဝှစ်ချ်ကို တစ်ဂိုးစီ သရေပွဲဖြစ်ကာ မစ်ဒယ်ဘရော့ကို နှစ်ဂိုးပြတ်နဲ့ နိုင်ခဲ့တာမို့ အခုလို အကြိုဗိုလ်လုပွဲတက်လှမ်းခဲ့တာ ဖြစ်ခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့ ပြိုင်ပွဲစုံ နောက်ဆုံး ငါးပွဲ တွေ့ဆုံခဲ့မှုကိုကြည့်ရင် မန်စီးတီးတို့ပဲ နိုင်ပွဲတွေရရှိခဲ့တာမို့ ဒီအစဉ်အလာကောင်းကို မန်စီးတီးတို့ မှတ်တမ်း ဆက်လက်ရေးထိုးပါလိမ့်မယ်။ လက်ရှိအခြေအနေမှာ လူစုံပါဝင်ကစားလာမယ့် မန်စီးတီးကို အဲဗာတန်တို့ အိမ်ကွင်းဆိုပေမယ့် ဂိုးပြတ်မရှုံးအောင်ဘဲ ရုန်းကန်ရင်ဆိုင်ရမယ့် အနေအထားကလွဲပြီး မျှော်လင့်လို့ မရနိုင်တဲ့ပွဲဖြစ်ပါတယ်။ ။



# ဒီနှစ်မှာ အာဆင်နယ်ဖလားမရရင် နောင် ၁၀ နှစ်ကြာဖွယ်ရှိ

အာဆင်နယ်အသင်းအနေနဲ့ ၂၀၁၆ ခုနှစ်မှာ ဖလားမရဘူးဆိုရင် နောင် ၁၀ နှစ်ကြာမှသာ ဖလားဆွတ်ခူးနိုင်လိမ့်မယ်လို့ ဝါရင့်ကစားသမားဟောင်း ကာရေဂါက သတိပေးပြောဆိုလိုက်ပါတယ်။ အာဆင်နယ်အသင်းဟာ ယခုနှစ်ရာသီမှာ ဖလားဆွတ်ခူးဖို့ ရေပန်းအစားဆုံးအသင်းလို့ ဆိုပါတယ်။

ဒီနှစ်မှာ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့ ရေပန်းအစားဆုံးအသင်းက အာဆင်နယ်အသင်းလို့ဆိုပါတယ်။ အာဆင်နယ်အသင်းရဲ့ ထိပ်သီးပြိုင်ဘက်တွေဖြစ်တဲ့ ချယ်လ်ဆီး၊ မန်ယူနဲ့ မန်စီးတီးတို့ဟာ ရုန်းကန်ကြိုးစားနေကြရပါတယ်။ မန်စီးတီးအနေနဲ့ အလားအလာရှိနေတယ်ဆိုပေမယ့် လိုအပ်ချက်တွေရှိနေတယ်လို့ ကာရေဂါကဆိုပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ရာသီချိန် တစ်ဝက်ကျိုးလာချိန်မှာ ၁၂ နှစ်တာအတွင်း ဖလားပြန်လည်ရယူနိုင်ဖို့ ဇယားထိပ်ကို ရောက်နေပြီး ဖလားရဖို့ ရေပန်းစားနေတာကို ပြသလိုက်တာပါလို့ ကာရေဂါက ဆိုပါတယ်။ သို့ပေမယ့် ယခုနှစ်မှ ဖလားဆွတ်ခူးနိုင်ခြင်းမရှိရင် ဆယ်စုနှစ် တစ်ခုကြာ ထပ်မံစောင့်ရလိမ့်ဦးမယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# ချယ်လ်ဆီးမှာ လက်ထောက်နည်းပြဖြစ်လာနိုင်တဲ့ ဒရော့ဘာ



ချယ်လ်ဆီးအသင်းမှာ အောင်မြင်မှုတွေရခဲ့တဲ့ တိုက်စစ်မှူး ဒရော့ဘာဟာ ချယ်လ်ဆီးအသင်းရဲ့ လက်ထောက်နည်းပြအဖြစ် ပြန်လာဖို့ နီးစပ်နေပြီလို့ ဆိုပါတယ်။ အသက် ၃၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူး ဒရော့ဘာဟာ မွန်ထရီရယ်ကလပ်မှ ထွက်ခွာပြီး ချယ်လ်ဆီးအသင်းရဲ့ လက်ထောက်နည်းပြ ဖြစ်လာဖို့ ကြိုးစားနေတာပါ။ ချယ်လ်ဆီးအသင်းရဲ့ ယာယီနည်းပြ ဟစ်ဒင့်အနေနဲ့လည်း ဒရော့ဘာကို လက်ထောက် နည်းပြခန့်ထားဖို့ သဘောတူပြီး ဖြစ်ပါတယ်။ မွန်ထရီရယ်အသင်းအနေနဲ့ ဒရော့ဘာနေရာမှာ အစားထိုးဖို့ လူသစ်ရှာဖွေရေးအစီအစဉ်ကို စတင်နေပြီလို့ဆိုပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ တိုက်စစ်မှူးဟောင်း ဒရော့ဘာကို စာချုပ်ဖြစ်ခဲ့မယ်ဆိုရင်တော့ မွန်ထရီရယ်ကို ချယ်လ်ဆီးက လျော်ကြေးပေးရမှာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ နာမည်ကြီး တိုက်စစ်မှူးဟောင်း ဒရော့ဘာအနေနဲ့ နည်းပြ ဟစ်ဒင့်ရဲ့ လက်အောက်မှာ အကူနည်းပြလုပ်ဖို့ ဆန္ဒပြင်းပြနေတယ် လို့ဆိုပါတယ်။ ဒရော့ဘာအနေနဲ့လည်း လက်ရှိ ချယ်လ်ဆီးအသင်းရဲ့ ယိမ်းယိုင်နေမှုတွေကို ပြန်လည်စုစည်းနိုင်ဖို့ ယုံကြည်ထားတယ်လို့ ဆိုပါတယ်။

# ၂၀၁၅ မှာ ဖလားငါးလုံးနဲ့ အအောင်မြင်ဆုံးနှစ် ဖြစ်ခဲ့တဲ့ ဘာစီလိုနာ

ဘာစီလိုနာအသင်းဟာ ၂၀၁၅ ခုနှစ်မှာတော့ စပိန်လာလီဂါ သမိုင်းတစ်လျှောက် အထူးခြားဆုံးနဲ့ အအောင်မြင်ဆုံးအသင်းဖြစ်ခဲ့ပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့ ၂၀၁၅ ခုနှစ် နောက်ဆုံးပွဲအဖြစ် ဗုဒ္ဓဟူးနေ့ ညက ရီးရဲဘက်တစ်နဲ့ ကစားတဲ့ပွဲမှာ လေးပွဲနဲ့ အနိုင်ရခဲ့ပါတယ်။ ဒီပွဲမှာ တိုက်စစ်မှူး မက်ဆီက ဘာစီလိုနာအသင်းရဲ့ ပွဲပေါင်း ၅၀၀ မြောက်အဖြစ် ပါဝင်ကစားခဲ့ရာမှာ ၄၂၅ ဂိုးမြောက်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဘာစီလိုနာအသင်းဟာ ၂၀၁၅ ခုနှစ်ထဲမှာ စပိန်လာလီဂါနဲ့ ချန်ပီယံလိဂ်ဖလားတွေ အပါအဝင် ဖလားငါးလုံး ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အသင်းရဲ့ တစ်နှစ်အတွင်း အောင်မြင်မှုဟာ တကယ်ကို အံ့ဩစရာကောင်းတဲ့ စွမ်းဆောင်မှုလို့ ဆိုရမှာပါ။ ဘယ်လောက်ပဲ ကောင်းတဲ့အသင်းဖြစ်ပါစေ ဒီလိုအောင်မြင်တဲ့အသင်းဖြစ်ဖို့ဆိုတာ မလွယ်လှပါဘူး။ အသင်းသားအားလုံးရဲ့ စည်းလုံးညီညွတ်မှု ကြိုးစားအားထုတ်မှုတွေအပေါ်မှာ အခြေခံပါတယ်။ လာမယ့် ၂၀၁၆ ခုနှစ်မှာ ဒီစံချိန်ကို ပြန်ရဖို့ မလွယ်ပါဘူးလို့ မက်ဆီက ဆိုပါတယ်။ ဘာစီလိုနာအသင်းဟာ ၂၀၁၅ ခုနှစ်အတွင်း ဖလားငါးလုံး ဆွတ်ခူးခဲ့ရာမှာ ဂိုးပေါင်း ၁၈၀ သွင်းယူခဲ့ပါတယ်။ ဒီလိုဂိုးသွင်းနိုင်မှုဟာ ၂၀၁၄ ခုနှစ်က အန်ဆယ်လော့တီရဲ့ ရီးရဲမက်ဒရစ်အသင်း သွင်းယူခဲ့တဲ့ဂိုးထက် လေးဂိုး ပိုသွင်းနိုင်တယ်လို့ ဆိုပါတယ်။


JJ EXPRESS
El Dorado
bake house
အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း
JJ Express ၏ (၅) နှစ်ပြည့်မြောက်မှု အထိမ်းအမှတ် နှင့် ခရီးသည်များအား ကျွေးမွေးဧည့်ခံသော ဝန်ဆောင်မှုတွင် အတူလက်တွဲ ပူပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။
El Dorado မိသားစု



MPT
အကြီးကျယ် အခမ်းနားဆုံး
ပျော်ရွှင်ကံထူး နှစ်သစ်ကူး
အထူးဆုကံထူးရှင်ရွေးချယ်ပွဲကြီး
ဇန်နဝါရီလ ၄ရက်
Junction Square
နံနက် (၁၁) နာရီမှ ည နေ(၆) နာရီထိ
ကံစမ်းမဲကာလ
၂၀၁၅ နိုဝင်ဘာ (၂၆) ရက်မှ ၂၀၁၆ ဇန်နဝါရီ (၇) ရက်ထိ
ကံထူးရှင်ရွေးချယ်ပွဲ
၂၀၁၆ ဇန်နဝါရီ ၄ရက် ညနေ ၃နာရီ၄၅မိနစ် မှစ၍ MRTV-4
ရုပ်သံလိုင်းတွင် တိုက်ရိုက်အစီအစဉ်အဖြစ် ထုတ်လွှင့်ပေးသွားပါမည်
ဖုန်းတွေကို ဖွင့်ထားပြီး MPT က ဖုန်းခေါ်တာကို စောင့်နေဖို့မမေ့နဲ့နော်
အထူးဆု လင်ခရူဇာကားသစ်ကြီးအပါအဝင် အဖိုးတန်ဆုမဲပေါင်း ၄၀ နှင့် ငွေဖြည့်ဆုမဲပေါင်း ၁၉၉၀၀ကျော်
ကံထူးနိုင်မည့် နောက်ဆုံးအခွင့်အရေး
MPT ကိုများများသုံး ကံထူးခွင့်တွေအများဆုံး
MPT အချင်းချင်းပြည်တွင်းဖုန်းခေါ်ဆိုခြင်း
ခေါ်ဆိုချိန်(၁)မိနစ်တိုင်း (၁)စောင်
၃၀၀၀ကျပ်နှင့်အထက်ငွေဖြည့်သွင်းခြင်း
၃၀၀၀ကျပ် (၃၀)စောင်
၅၀၀၀ကျပ် (၅၀)စောင်
၁၀၀၀၀ကျပ် (၁၀၀)စောင်
၂၀၀၀၀ကျပ် (၂၀၀)စောင်
၃၀၀၀၀ကျပ် (၃၀၀)စောင်
MPT ဆင်းကတ်အသစ် ဝယ်ယူအသုံးပြုခြင်း
ကတ်(၁)ကတ် (၃၀)စောင်
နာမည်ကျော်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ
ဆုလက်ဆောင်များစွာ ရယူပိုင်ဆိုင်နိုင်မည့် အစီအစဉ်များ ၊
ပျော်ရွှင်ဖွယ်ဂိမ်းကစားနည်းများစွာဖြင့် ခမ်းနားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသည်
JUNCTION SQUARE
အသေးစိတ်သိရှိလိုပါက
အခြင်းမှားဖွယ်ရာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက MPT ၏ ဆုံးဖြတ်ချက်သာ အတည်အဖြစ်သတ်မှတ်မည်ဖြစ်ပါသည်။
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်
MPT အသုံးပြုသူအချင်းချင်း ၃၀၀ ကျပ်မှစတင်၍
လက်ကျန်ငွေ လွှဲပြောင်းပေးနိုင်ပါပြီ
*223*300*09xxxxxx#
Dear MPT customer, you have received 300 Kyats from 09xxxxxx which has been added to your balance. Your new balance is: 310 Ks, expiring 01/12/2016.
*223*ငွေပမာဏ*လက်ခံမည့်သူ၏ ဖုန်းနံပါတ်#
*223*300*09xxxxxx#
စည်းမျဉ်းစည်းကမ်းချက်များ
• တစ်ကြိမ်ပေးပို့လျှင် အနည်းဆုံး (၃၀၀) ကျပ် မှ အများဆုံး (၁၀၀၀၀) ကျပ်ထိ လက်ကျန်ငွေလွှဲပြောင်းပေးနိုင်ပါသည်။
• တစ်ရက်လျှင် (၅) ကြိမ်အထိ လက်ကျန်ငွေ လွှဲပြောင်းပေးနိုင်ပါသည်။
• ၅% ဝန်ဆောင်ခကို လွှဲပြောင်းပေးသူမှ ပေးဆောင်ရမည်ဖြစ်ပြီး လက်ခံရရှိသူမှ ပေးဆောင်ရန်မလိုအပ်ပါ။
• GSM/WCDMA prepaid သုံးစွဲသူများသာ အသုံးပြုနိုင်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

## ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် သတ္တမအကြိမ် B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၏ သတ္တမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အကြိုလေ့ကျင့်ခြင်း** - ၁၄-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)
နံနက်ပိုင်း နံနက် ၉း၀၀ နာရီ
ညနေပိုင်း မွန်းလွဲ ၂း၀၀ နာရီ

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၁၅-၂-၂၀၁၆ရက်(တနင်္လာနေ့)
နံနက်ပိုင်း နံနက် ၉း၀၀ နာရီ
ညနေပိုင်း မွန်းလွဲ ၂း၀၀ နာရီ
- ၁၆-၂-၂၀၁၆ရက်(အင်္ဂါနေ့)
နံနက်ပိုင်း နံနက် ၉း၀၀ နာရီ
ညနေပိုင်း မွန်းလွဲ ၂း၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-
- ၂၀၁၅ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) **တက်ရောက်ဘွဲ့-** B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။
(ခ) **အဝေးရောက်ဘွဲ့-** B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံ ၅ပုံ(ဓာတ်ပုံ၏ အောက်တွင် မှတ်ပုံတင်အမှတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ(မြန်မာထဘီနှင့်အင်္ကျီ)၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်ကိုက်ညီသည့် တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ရှိ ကျောင်းသားရေးရာဌာန၌ ၂၁-၁၂-၂၀၁၅ ရက်မှစ၍ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၁-၁-၂၀၁၆ ရက် (တနင်္လာနေ့) နောက်ဆုံးထား လျှောက်ထားရမည်။

၇။ ဘွဲ့နှင်းသဘင်တက်ရောက်ယူမည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ကျောင်းသားရေးရာဌာန ဖုန်း-၀၉-၂၅၀၀၇၃၉၉၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အမိန့်အရ-**

**(ဒေါက်တာဘုန်းကျော်)**
**မော်ကွန်းထိန်း**
**ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်**

## သူနာပြုတက္ကသိုလ်၊ ရန်ကုန် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ၂၀၁၅ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် ဒုတိယနှစ် သူနာပြုမဟာသိပ္ပံ(ဘွဲ့လွန်) ၁/၂၀၁၅ သင်တန်းအောင်မြင်ပြီးသူများ၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် ဒုတိယနှစ်သူနာပြုသိပ္ပံ(ပေါင်းကူး) ၁/၂၀၁၅ သင်တန်းအောင်မြင်ပြီးသူများ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် ဒုတိယနှစ်သူနာပြုသိပ္ပံ(ပေါင်းကူး) ၁/၂၀၁၅သင်တန်း(နောက်ဆက်တွဲ) အောင်မြင်ပြီးသူများ၊ ၂၀၁၅ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် အထူးပြုသူနာပြုဒီပလိုမာ (၉)လသင်တန်းအောင်မြင်ပြီးသူများ၊ ၂၀၁၅ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် စတုတ္ထနှစ်သူနာပြုသိပ္ပံ(ပုံမှန်) ၁/၂၀၁၅ သင်တန်းအောင်မြင်ပြီးသူများ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပစစ်ဆေးသည့် စတုတ္ထနှစ်သူနာပြုသိပ္ပံ(ပုံမှန်) ၁/၂၀၁၅သင်တန်း (နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီးသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**ကျင်းပပြုလုပ်မည့်နေ့ရက်** - ၁၉-၂-၂၀၁၆ရက် (သောကြာနေ့)
**ကျင်းပပြုလုပ်မည့်အချိန်** - နံနက် ၉း၀၀နာရီ
**ကျင်းပပြုလုပ်မည့်နေရာ** - ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ
**ဘွဲ့နှင်းသဘင်ကြေး** - ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)နှင့် ပတ်စ်ပို့ရောင်စုံ ဓာတ်ပုံ ၂လက်မ × ၁½လက်မ အရွယ် (၃)ပုံအား လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။
**အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး** - ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)နှင့် ပတ်စ်ပို့ရောင်စုံဓာတ်ပုံ ၂လက်မ×၁½လက်မ အရွယ် (၃)ပုံအား လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။
**အစမ်းလေ့ကျင့်မည့်နေ့ရက်** - ၁၈-၂-၂၀၁၆ရက် (ကြာသပတေးနေ့)
**အစမ်းလေ့ကျင့်မည့်အချိန်** - နံနက် ၉း၀၀နာရီ
**လျှောက်လွှာပိတ်မည့်နေ့ရက်** - ၂၉-၁-၂၀၁၆ရက် (သောကြာနေ့)

**မှတ်ချက်။** ။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်လျှောက်လွှာများကို ၁၀-၂-၂၀၁၆ရက်မှစ၍ ထုတ်ပေးမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဤတက္ကသိုလ်စာမေးပွဲရေးရာဌာနစိတ် ဖုန်း-၀၁-၂၂၂၈၈၃၊ ၂၂၂၈၈၄၊ ၂၂၂၈၈၅သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမိန့်အရ -**

**(နန့်ရင်ရင်ဝင်း)**
**မော်ကွန်းထိန်း**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်မင်းစိုး ၉/မထလ(နိုင်)၂၅၃၂၅၁ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၉၂၁၉၉၄၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် လုပ်ငန်းရှင်ရေးရာဝန်ဆောင်မှုဌာနအတွက် ဒုတိယအမှုဆောင်အရာရှိချုပ် (၁)ဦး အလိုရှိသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် နိုင်ငံတော်၏ပြောင်းလဲတိုးတက်မှုနှင့်အညီ၊ လုပ်ငန်းရှင်များနှင့်ပတ်သက်သောကိစ္စများ ပိုမိုတာဝန်ယူလာရမည်ဖြစ်ပြီး အလုပ်အကိုင်နှင့် အလုပ်သမားရေးရာကိစ္စများဆိုင်ရာ ပြည်တွင်းပြည်ပဆွေးနွေးပွဲများတွင် လုပ်ငန်းရှင်များဘက်မှ ရပ်တည်ဆောင်ရွက်ပေးရန်များရှိနေပါသည်။ ထိုသို့ လုပ်ငန်းရှင်အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးရမည့်ဝန်ဆောင်မှုဌာနတစ်ခု အသစ်ဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်သွားနိုင်ရန်အတွက် အောက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသော အကြီးတန်းလခစား ဝန်ထမ်းတစ်ဦးလိုအပ်လျက်ရှိပါသည်-

(က) အလုပ်သမားနှင့် အလုပ်အကိုင်ဆိုင်ရာနည်းပညာနယ်ပယ်တွင် အနည်းဆုံးအတွေ့အကြုံ (၁၀)နှစ်ရှိပြီး စီမံခန့်ခွဲမှုအတွေ့အကြုံ (၅)နှစ်ရှိရမည်။
(ခ) အကျဉ်းအကျပ်အခြေအနေများတွင် တွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် နှစ်ဦးနှစ်ဖက်သဘောတူလက်ခံနိုင်သော ညှိနှိုင်းမှုများပြုလုပ်နိုင်ခဲ့သော အတွေ့အကြုံမှတ်တမ်းများရှိရမည်။
(ဂ) စည်းရုံးနိုင်မှုနှင့် ကောင်းစွာဆက်သွယ်ပြောဆိုနိုင်မှု အရည်အချင်းရှိရမည်။
(ဃ) မြန်မာ့စီးပွားရေးအသိုက်အဝန်းနှင့် အလုပ်ရှင်များကြုံတွေ့နေရသော စိန်ခေါ်မှုအခက်အခဲများကို ကောင်းစွာသိရှိနားလည်ရမည်။
(င) အလုပ်သမားနှင့်ပတ်သက်သော နည်းပညာဆိုင်ရာဆွေးနွေးပွဲများအပါအဝင် အခြားသောကိစ္စရပ်များတွင် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်မျိုးစလုံးဖြင့် ကျွမ်းကျင်စွာ ပြောဆိုဆက်သွယ်နိုင်ရမည်။
(စ) ဥပဒေနှင့်ပတ်သက်သောအတွေ့အကြုံရှိလျှင် ဦးစားပေးမည်။ (မရှိမဖြစ်မလိုအပ်ပါ)
(ဆ) ရာဇဝတ်မှုနှင့်အခြားအသင်းအဖွဲ့ဆိုင်ရာ ပြစ်မှုကင်းရှင်းရမည်။

အထက်ပါရာထူးကိုလျှောက်ထားလိုသူများသည် သတ်မှတ်လျှောက်လွှာပုံစံနှင့် လိုအပ်သောအချက်အလက်များကို အသင်းချုပ် HRMဌာန ဖုန်း-၀၉-၄၅၀၂၀၀၂၉၀၊ ၀၁-၂၃၁၇၂၀၇ ~၁၁၊ ၀၁-၂၃၁၄၃၄၄ ~၄၉(လိုင်းခွဲ-၁၃၀)သို့ ရုံးချိန်အတွင်းဆက်သွယ်၍ ၁၅-၁-၂၀၁၆ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

အလုပ်ကြော်ငြာအပြည့်အစုံနှင့် အထက်ပါရာထူး၏ တာဝန်ဝတ္တရား အသေးစိတ်ကို ကုန်သည်စက်မှုအသင်းချုပ် ဝက်ဆိုဒ် www.umfcci.org.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ်**

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

၁။ ၂၀၁၃ခုနှစ် ဩဂုတ် ၃၀ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ သဘောတူညီချက်ဖြင့် အတည်ပြုရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သော အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)နှင့် (ခ)အရ သက်မွေးပညာသင်တန်းကျောင်း သို့မဟုတ် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တည်ထောင်ဖွင့်လှစ်လိုသော အလုပ်ရှင် သို့မဟုတ် ဝန်ဆောင်မှုပေးလိုသူသည် သတ်မှတ်ချက်များနှင့်အညီ သက်မွေးပညာသင်တန်းကျောင်းမှတ်ပုံတင်လက်မှတ်ရရှိရန် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော သင်တန်းကျောင်းများကို ဥပဒေနှင့်အညီ ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ သက်မွေးပညာသင်တန်းကျောင်းများအား ကျွမ်းကျင်မှုစံနှင့်အညီ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် သက်မွေးပညာသင်တန်းကျောင်း မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရန် အောက်ပါအချက်အလက်များ ပူးတွဲ၍ တင်ပြလျှောက်ထားနိုင်ပါသည်-

(က) သင်ကြားမည့်ဘာသာရပ်များအတွက် ရေးဆွဲထားသော ကျွမ်းကျင်မှုစံများနှင့် သင်ရိုးညွှန်းတမ်းများ
(ခ) သင်တန်းကျောင်း တည်နေရာမြေပုံ၊ အဆောက်အအုံနှင့် သင်တန်းကျောင်း၏ အဆောက်အအုံဖွဲ့စည်းထားရှိပုံ (သင်တန်းကျောင်း Layout)
(ဂ) သင်တန်းဆရာ၊ သင်တန်းနည်းပြများ၏ အမည်၊ အရည်အချင်း၊ ဘွဲ့လက်မှတ်များ၊ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (နိုင်ငံခြားသားသင်တန်းနည်းပြများဖြစ်ပါက Passport)အစရှိသည့် ကိုယ်ရေးရာဇဝင်အချက်အလက်များ
(ဃ) သင်ကြားမည့် သက်မွေးပညာနှင့် သက်ဆိုင်သည့် သင်တန်းအမျိုးအမည်များနှင့် သင်တန်းကာလ
(င) သင်တန်းတစ်ခုချင်းစီအလိုက် သင်တန်းတွင် အသုံးပြုမည့် လေ့ကျင့်သင်ကြားရေးစနစ်နှင့် သင်ထောက်ကူပစ္စည်းများ
(စ) သင်ကြားပို့ချမည့် ဘာသာရပ်နှင့်ပတ်သက်၍ သတ်မှတ်ထားသော ရာခိုင်နှုန်းများ (လက်တွေ့သင်ကြားခြင်း၊ စာတွေ့သင်ကြားခြင်း)နှင့် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာနည်းလမ်းများ
(ဆ) သင်တန်းပြီးဆုံးပါက သင်တန်းသားများကို ပေးအပ်မည့်သင်တန်းဆင်းလက်မှတ် (နမူနာ)
(ဇ) ပြည်တွင်း ပြည်ပ သင်တန်းကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေ (ရှိခဲ့ပါက သင်တန်းကျောင်းအမည်နှင့် သင်ကြားသည့် ဘာသာရပ်များ)
(ဈ) သင်တန်းအမျိုးအစားတစ်ခုချင်းအလိုက် ကောက်ခံသွားမည့်သင်တန်းကြေး
(ည) သင်တန်းကျောင်းရှိ သင်တန်းနည်းပြများအပါအဝင် သင်တန်းကျောင်းဝန်ထမ်းဖွဲ့စည်းပုံ
(ဋ) သက်မွေးပညာသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်လိုသော အလုပ်ရှင် သို့မဟုတ် ဝန်ဆောင်မှုပေးလိုသူသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထုတ်ပေးသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မိတ္တူ
(ဌ) သက်မွေးပညာသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်လိုသော အလုပ်ရှင် သို့မဟုတ် ဝန်ဆောင်မှုပေးလိုသူနှင့် Board of Director အဖွဲ့ဝင်များ၏ ကိုယ်ရေးရာဇဝင်အချက်အလက်များ

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၂၇၆ နှင့် ၀၆၇-၄၃၀၄၃၅သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

## အမည်မှန်

ကွတ်ခိုင်မြို့၊ ရပ်ကွက်(၆)နေ ဦးကျန်းရှင်းချန်း၏ သားဖြစ်သူအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ကျန်းရှင်ဖိတ်(ခ)မောင်ကျန်းရှင်ရှင်း(ခ)မောင်သိန်းအောင် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

လားရှိုးတက္ကသိုလ်၊ English မေဂျာမှ မအိအိဖြိုးငယ် ၁၃/ကမန(နိုင်) ၁၂၈၆၁၅ ၏ ဖခင်အမည်မှန်မှာ ဦးလှစိုး(ခ)ဦးလှဦး ဖြစ်ပါသည်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား (ပစ္စည်း+လုပ်ခ) ပုတ်ပြတ် Turnkey စနစ် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ဖိတ်ခေါ်အပ်ပါသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်နှင့် ခရိုင်ရုံး၊ မြို့နယ်ရုံး၊ ဓာတ်အားခွဲရုံများတွင် Remote Monitoring Communication Terminal Device များတပ်ဆင်ခြင်း

**(၁) တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၁-၂၀၁၆ ရက်
**(၂) တင်ဒါပိတ်မည့်ရက်** - ၄-၂-၂၀၁၆ ရက်
**(၃) တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပစ္စည်းစီမံရေးဌာန ဖုန်း-၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆၊ ၀၁-၂၂၀၆၃၀**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန ၁၈/၂၀၁၅-၂၀၁၆ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

**(က) ရောင်းချမည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၆ ရက်မှ
- ၂၁-၁-၂၀၁၆ ရက်ထိ
၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ

**(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး (၁)တန်ခန့်
သစ်မာသစ်လုံး(၂၁၈၄၃)တန်ခန့်
သစ်မာခွဲသား (၁၄၇)တန်ခန့်

**(ဂ) ရောင်းချမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း website ဖြစ်သော www.myanmatimber.com.mm တွင်ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။ **ဈေးပြိုင်လေလံကျင်းပရေးကော်မတီ၊ ပြည်တွင်းရောင်း/စက်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/2791၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၃၂၅၆၆၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်းနိုင် ၉/ပမန(နိုင်)၁၂၉၀၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေ (Kyats) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့်ရက် | တင်ဒါပိတ်ရက်/ အချိန် |
|---|---|---|---|---|
| (က) | 3-22(T)/MESC/2015-2016 | (၁၀)မီတာ ကွန်ကရစ်တိုင် (၈၃၃)လုံး<br>(၉)မီတာ ကွန်ကရစ်တိုင် (၁၀၇၀)လုံး | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆ (၁၃း၀၀)နာရီ |
| (ခ) | 3-23(T)/MESC/2015-2016 | ၁၁/၀.၄ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆ (၁၃း၀၀)နာရီ |
| (ဂ) | 3-24(T)/MESC/2015-2016 | ၄၀၀ဗို့ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများနှင့် ခွဲရုံပစ္စည်းများ | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆ (၁၃း၀၀)နာရီ |
| (ဃ) | 3-25(T)/MESC/2015-2016 | ၁၁ကေဗွီဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆ (၁၃း၀၀)နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၇၇လမ်း၊ ၂၆×၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၃၈၀၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

**ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်**

**ကြေညာချက် (၀၃၈/၂၀၁၅)**

## (၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်ကြေညာခြင်း

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျင်းပခဲ့သည့် မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့သင်တန်းများ၊ နိုင်ငံခြားဘာသာစကားဒီပလိုမာအချိန်ပိုင်းသင်တန်းများ၊ Diploma in English, a one year full-time, Postgraduate Diploma in English (CHRD) ESifh Diploma in English (CHRD) ဘွဲ့/ဒီပလိုမာစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး တက်ရောက်ဘွဲ့ယူရန် လျှောက်ထားကြသူများအတွက် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (၁၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အောက်ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်-

**ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်**

(က) **အစမ်းလေ့ကျင့်ပွဲအစီအစဉ်**
**ကျင်းပမည့်နေ့ရက်** - ၁၁-၁-၂၀၁၆ ရက် (တနင်္လာနေ့)
**ကျင်းပမည့်အချိန်** - အပိုင်း(၁)နှင့် အပိုင်း(၂) နံနက် ၉း၀၀ နာရီ
အပိုင်း(၃)နှင့် အပိုင်း(၄) မွန်းလွဲ ၂း၀၀ နာရီ
**ကျင်းပမည့်နေရာ** - မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ

(ခ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်နှင့် အစီအစဉ်**
အပိုင်း(၁) ၁၂-၁-၂၀၁၆ ရက် (အင်္ဂါနေ့) ၉း၀၀ နာရီ (နံနက်ပိုင်း)
- မဟာဝိဇ္ဇာဘွဲ့
  တရုတ်ဘာသာအထူးပြု
- ဝိဇ္ဇာဘွဲ့
  ပြင်သစ်ဘာသာအထူးပြုနှင့် ရုရှားဘာသာအထူးပြု
- Postgraduate Diploma in English Course No.34
- Diploma in English Course No.42

**အပိုင်း(၂) ၁၂-၁-၂၀၁၆ ရက် (အင်္ဂါနေ့) ၂း၀၀ နာရီ (မွန်းလွဲပိုင်း)**
- မဟာဝိဇ္ဇာဘွဲ့
  အင်္ဂလိပ်ဘာသာအထူးပြု
- ဝိဇ္ဇာဘွဲ့
  ဂျာမန်ဘာသာအထူးပြုနှင့် ကိုရီးယားဘာသာအထူးပြု
- နိုင်ငံခြားဘာသာစကားဒီပလိုမာ (အချိန်ပိုင်း)
  တရုတ်ဘာသာ (၂၀၁၃-၂၀၁၄)ပညာသင်နှစ်နှင့် (၂၀၁၄-၂၀၁၅)ပညာသင်နှစ်
  ဂျပန်ဘာသာ (၂၀၁၃-၂၀၁၄) ပညာသင်နှစ်နှင့် (၂၀၁၄-၂၀၁၅)ပညာသင်နှစ်
- Diploma in English, a one year full-time
  အင်္ဂလိပ်ဘာသာ (၂၀၁၃-၂၀၁၄) ပညာသင်နှစ်နှင့် (၂၀၁၄-၂၀၁၅)ပညာသင်နှစ်
- Postgraduate Diploma in English Course No.36 နှင့် No.37
- Diploma in English Course No.39 နှင့် No.41

**အပိုင်း (၃) ၁၃-၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၉း၀၀ နာရီ (နံနက်ပိုင်း)**
- မဟာဝိဇ္ဇာဘွဲ့
  ပြင်သစ်ဘာသာအထူးပြု
- ဝိဇ္ဇာဘွဲ့
  အင်္ဂလိပ်ဘာသာအထူးပြု
- Postgraduate Diploma in English Course No.32
- Diploma in English Course No.38

**အပိုင်း(၄) ၁၃-၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၂း၀၀ နာရီ (မွန်းလွဲပိုင်း)**
- ဝိဇ္ဇာဘွဲ့
  တရုတ်ဘာသာအထူးပြုနှင့် ဂျပန်ဘာသာအထူးပြု
- Postgraduate Diploma in English Course No.33 ESifh No.35
- Diploma in English Course No.40

**အစမ်းလေ့ကျင့်ပွဲအခမ်းအနားအစီအစဉ်**
**၁၁-၁-၂၀၁၆ ရက် (တနင်္လာနေ့)**
**နံနက် ၉း၀၀ နာရီတွင် အပိုင်း(၁)နှင့် အပိုင်း(၂)၊**
**မွန်းလွဲ ၂း၀၀ နာရီတွင် အပိုင်း(၃)နှင့် အပိုင်း(၄)၊**
**မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ**

(၁) မဟာဝိဇ္ဇာဘွဲ့အထူးပြုများအားလုံး
(၂) ဝိဇ္ဇာဘွဲ့အထူးပြုများအားလုံး
(၃) နိုင်ငံခြားဘာသာစကားဒီပလိုမာ (အချိန်ပိုင်း) အထူးပြုများအားလုံး
(၄) Diploma in English, a one year full-time
(၅) Postgraduate Diploma in English Course(CHRD) အားလုံး
(၆) Diploma in English Course(CHRD) အားလုံး

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ဘွဲ့ယူသူများအတွက် ဘွဲ့ဝတ်ရုံငှားရမ်းခွင့် ထောက်ခံစာများ၊ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်နှင့်ဧည့်လက်မှတ်တို့ကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း One Stop Service System ဖြင့် ထုတ်ပေးမည်ဖြစ်သည်-

**နေ့ရက်** - ၆-၁-၂၀၁၆ ရက်မှ ၈-၁-၂၀၁၆ ရက်အထိ
**အချိန်** - နံနက် ၁၀း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိတစ်ကြိမ်
မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိတစ်ကြိမ်
**နေရာ** - အစည်းအဝေးခန်းမ

၃။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ(အင်္ကျီလက်ရှည်ဖြစ်ရမည်) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ (အင်္ကျီလက်ရှည်ဖြစ်ရမည်) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်ဖြစ်ပါသည်။

**(အောင်ကျော်ဝင်း)**
**မော်ကွန်းထိန်း**
**သင်တန်းရေးရာဌာန**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏
## ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအရပ်ရပ်ဆိုင်ရာ အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်တိုင်း ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက်** - ၂၀၁၆ခုနှစ် ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့)
**အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် ၈း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ
**အစည်းအဝေးကျင်းပမည့်နေရာ** - ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းခန်းမ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

နှစ်ပတ်လည်အထွေထွေအရပ်ရပ်ဆိုင်ရာအစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ် ပုံမှန်ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးကျင်းပသည့် နှစ်နှစ်ပြည့်မြောက်တိုင်း အထွေထွေအရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို Election Year အစည်းအဝေးဟု သတ်မှတ်ထားပါသည်။

အသင်းဝင်များ အစည်းအဝေးတက်ရောက်ခြင်းအတွက် CPD hour နှစ်နာရီ ခွင့်ပြုပေးမည်ဖြစ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ပေါင်းလောင်းအသင်း(ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီ တွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ရွှေကျင်မြို့နယ် ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ စိတ်ပါဝင်စားသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အသက် (၈၀)ပြည့်ကန်တော့ခံ ဘိုးဘွားများ ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော အသင်းဝင်သားသမီးများ အမည်စာရင်းပေးပို့ကြရန်နှင့် ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ခြောက်ဘာသာဂုဏ်ထူးရှင်သုံးဦးနှင့် ဂုဏ်ထူးရကျောင်းသားများအား အသင်းသားများမှတစ်ဦးချင်း ဂုဏ်ပြုချီးမြှင့်လိုပါက ဆက်သွယ်ချီးမြှင့်နိုင်ပါသည်။

**ဦးညွန့်ဖေ ဖုန်း-၀၁-၂၀၀၄၂၈၊ ၀၉-၇၉၅၂၉၀၉၄၄**
**ချမ်းသာဆောက်လုပ်ရေးမှကံစမ်းမဲပေးပါမည်။**

**အမှုဆောင်အဖွဲ့**
**ပေါင်းလောင်းအသင်း(ရန်ကုန်)**

## လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုနှင်းသဘင်ကို ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီအထိ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အသင်းဝင်နှင့် ယင်းတို့၏မိဘများဖြစ်ကြသော အသက်(၈၀)နှင့်အထက် သက်ကြီးဘိုးဘွားများ၊ နိုင်ငံတော်အဆင့်ဘွဲ့ထူး/ဘွဲ့တံဆိပ်ရရှိသူများ၊ တက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့(Ph.D) ရရှိသူများနှင့် ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်များ၊ ဘက်စုံပညာထူးချွန်ဆု၊ အထက်တန်းပညာသင်ဆုနှင့် အလယ်တန်းပညာသင်ဆုရရှိသူများအနေဖြင့် တရားဝင်အထောက်အထားများနှင့်အတူ အသင်းဥက္ကဋ္ဌ ဦးရွှေလှိုင် ဖုန်း-၀၉-၄၉၂၂၉၃၈၅၊ ဒုဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း-၀၉-၅၁၃၃၆၈၈၊ အတွင်းရေးမှူး ဦးသန်းထွန်း ဖုန်း-၀၉-၄၄၈၀၀၉၆၃၃၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၀၉-၅၁၅၅၃၉၉၊ ဘဏ္ဍာရေးမှူး ဦးအမိုင် ဖုန်း-၀၉-၅၀၁၃၄၃၃၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးတင့်ဆန်း ဖုန်း-၀၉-၅၀၁၈၂၅၅၊ အသင်းတိုက်ရုံး ဖုန်း-၂၂၂၀၈၈ တို့ထံ ၁၁-၁-၂၀၁၆ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြပါရန်၊ အသင်းဝင်စေတနာရှင်များမှ အလှူငွေများ ထည့်ဝင်လှူဒါန်းကြပါရန်နှင့် အခမ်းအနားသို့ မြို့နယ်သူ/မြို့နယ်သားများ ကြွရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**

## အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၊ (၄၂)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ တက္ကသိုလ်များဓမ္မာရုံကြီး၌ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးတက်ရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်နှင့် အထက်အသင်းဝင်များနှင့် အဘိုးအဘွားများအမည်စာရင်း၊ နိုင်ငံတော်အဆင့်ဘွဲ့ထူး၊ ဘွဲ့တံဆိပ်ရရှိသူများ၊ တက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့(Ph.D)ရရှိသူများနှင့် ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများ၊ ဘက်စုံပညာထူးချွန်ဆု ရရှိသူများသည် အမှတ်စာရင်းအထောက်အထားများနှင့်တကွ ၁၅-၁-၂၀၁၆ရက် နောက်ဆုံးထား၍ ဦးမြင့်ဆွေ ဖုန်း- ၀၉-၄၂၁၀၈၇၆၈၀၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၉၀၅၄၊ ဦးတင်မောင်ညွန့် ဖုန်း-၀၉-၈၆၁၈၃၀၅၊ ဦးအေးဝင်း ဖုန်း-၀၉-၇၃၀၅၉၇၆၄၊ ဦးခင်မောင်တင့် ဖုန်း- ၀၉-၇၃၀၉၃၅၈၂၊ ဒေါ်ခင်ဝင်းကြည် ဖုန်း-၀၉-၄၂၃၇၂၈၂၃၃၊ ဒေါ်ညွန့်ညွန့်ဝင်း ဖုန်း-၀၉-၇၃၉၀၃၄၀၀နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်စာရင်းပေးရန်နှင့် လှူဒါန်းလိုသူစေတနာရှင်များကလည်း ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။ ။ နေ့လယ်စာဖြင့် ဧည့်ခံပါမည်။**

**အလုပ်အမှုဆောင်အဖွဲ့**

## (၁၉၇၄-၈၀)ခုနှစ်မြို့ပြ အင်ဂျင်နီယာ ကျောင်းသူ/သားများ၏
## (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ
## အခမ်းအနားဖိတ်ကြားလွှာ

ရန်ကုန်စက်မှုတက္ကသိုလ် သို့ ၁၉၇၄ခုနှစ်တွင် အတူတက်ရောက်ခဲ့ပြီး ဘွဲ့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မည်သည့်ခုနှစ်တွင် ဝင်ရောက်သည်ဖြစ်စေ ၁၉၈၀ခုနှစ်တွင် အတူဘွဲ့ရရှိခဲ့သော မည်သည့် မြို့ပြ အင်ဂျင်နီယာ ကျောင်းသူ/သားများမဆို ဆရာကြီး ဆရာမကြီးများကို ပူဇော်ကန်တော့ရန်နှင့် မိတ်ဆုံစားပွဲအခမ်းအနားကျင်းပမည်ဖြစ်ပါသဖြင့် အောက်ပါ အစီအစဉ် အတိုင်းကြွရောက်ကြ ပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** – ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၁၇ ရက်။
**အချိန်** – ညနေ ၆း၀၀ နာရီ
**နေရာ** – **M3 Food Center**

ဆက်သွယ်ရန် - ဦးဝင်းနိုင်- ၀၉-၅၀၁၄၉၂ ၊ ဦးခင်မောင်ရွှေ - ၀၉-၅၁၈၉၁၇၀
ဦးခင်မောင်ထွန်း-၀၉-၂၅၄၃၉၅၉၇၄၊ ဒေါ်မိမိထွန်း -၀၉-၅၁၃၅၆၉၀

## အထက နွားထိုးကြီးမြို့
## စတုတ္ထအကြိမ် ဆရာကန်တော့ပွဲ

အထက နွားထိုးကြီးမြို့၏ စတုတ္ထအကြိမ် ဆရာကန်တော့ပွဲကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၃ရက် (၁၃-၂-၂၀၁၆) မွန်းလွဲ ၁နာရီတွင် အထက နွားထိုးကြီးမြို့ရှိ အောင်သူရိန်ခန်းမ၌ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပေးပါရန်နှင့် လှူဒါန်းလိုသူများအနေဖြင့်-

ဦးတင့်လွင် ဖုန်း-၀၉-၂၂၁၅၅၇၊ ဦးမြတ်မော် ဖုန်း-၀၉-၂၅၆၀၁၀၇၀၄၊ ဦးကံဆယ် ဖုန်း-၀၉-၂၀၀၉၆၃၃၊ ဦးဇော်လွင်မောင် ဖုန်း-၀၉-၂၂၁၅၉၀၄၊ ဒေါ်ရီရီဝေ ဖုန်း-၀၆၆-၈၀၃၄၆၊ ဒေါ်ဇင်မာထွေး ဖုန်း-၀၉-၂၂၁၀၁၁၈၊ ဒေါ်သန်းသန်းဌေး ဖုန်း-၀၉-၄၀၂၇၈၄၆၆၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။




## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့ အထက နဝမတန်း(ခ)မှ မောင်မင်းထက်အောင် ၈/မတန(နိုင်)၉၆၅၀၃၁၏ဖခင် ဦးဇော်နိုင်ဦး နှင့် ဦးဇော်နိုင် ၈/မတန(နိုင်)၀၃၉၃၄၂ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးကောင်းမြို့၊ ဆားမှော်ကျေးရွာနေ ဦးအောင်စော၏သမီး ဒေါ်ကြူကြူမွန်(ခ) ဒေါ်ကြူကြူမော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ကြူကြူမွန်(ခ)ဒေါ်ကြူကြူမော်**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ တန့်ယန်းမြို့နယ်၊ မိုင်းကောင်ကျေးရွာ၊ အထက(ခွဲ)၊ ဒုတိယတန်းမှ နန်းမိုဆိုင်ငင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်သိန်း:TYN-၁၇၄၇၈၅ ဖြစ်ပါသည်။

## အမည်မှန်

အထက(၁)၊ ဘားအံမြို့၊ နဝမတန်း(B)မှ မယမင်းအေးအား နန်းယမင်းအေးဟု ခေါ်ပါရန်။

**နန်းယမင်းအေး**

## ဖခင်အမည်မှန်

အထက(၁)၊ ဘားအံမြို့၊ အဋ္ဌမတန်း (D)မှ မောင်လင်းထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းဖြစ်ပါကြောင်း။ **ဖခင်-ဦးစိုးမင်း**

## အမည်မှန်

မောင်တောမြို့၊ (၄)မိုင်ရပ်ကွက်၊ သာယာကုန်းကျေးရွာနေ (ဘ)ဦးသာထွန်းစိန်၏ သမီးအမည်မှန်မှာ မခင်ဝင်းရွှေဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မခင်ဝင်းရွှေ**

## မွေးသက္ကရာဇ်အမှန်

ကျိုက်လတ်မြို့နယ်၊ နတ်စဉ်ကျောင်းစုကျေးရွာအုပ်စု၊ နတ်စဉ်ကျောင်းစုကျေးရွာနေ ဦးကြည်မြင့်၏သား မောင်နိုင်လင်း ၁၄/ကလန(နိုင်)၁၉၄၄၃၇၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၁၀-၁၉၉၈ ဖြစ်ပါကြောင်း။

**မောင်နိုင်လင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ကျော်အေး ၉/မထလ(နိုင်)၂၉၉၅၉၀၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၁၇၄၇၀၉**

## မွေးသက္ကရာဇ်မှန်၊ မိဘအမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)တွင်နေထိုင်သော မထွယ်ဆန် ၁၃/လရန(နိုင်)၁၀၅၇၂၆၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၆-၁၉၈၀၊ ဖခင်အမည်မှန်မှာ ဦးခွန်အောင်(ခ)ဦးမောင်မောင် ၁၃/လရန(နိုင်)၀၂၂၉၅၈ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ဂျာတောင်(ခ)ဒေါ်ရွှေသောင်းခင် ၁၃/လရန(နိုင်)၀၂၃၀၀၂ ဖြစ်ပါသည်။

## အများသိစေရန် သတိပေးတားမြစ်ချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ် (၂၂)နေ ဒေါ်ခင်ညွှန့် ၁၃/တကန(နိုင်)၁၂၅၂၀၂ နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဓမ္မာရုံရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် ၈/၇၇ နေ ဦးရာဘီဆင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်လိုက်သည်မှာ-

ကျွန်ုပ်၏အမှုသည်ဖြစ်သူ အပါအဝင် ၁။ဒေါ်မွန်ကော(ခ)ဒေါ်ခင်ညွှန့် ၁၃/တကန(နိုင်)၁၂၅၂၀၂၊ ၂။ဦးလပီးဆင် ၂/လကန(နိုင်)၀၄၅၀၇၀ တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူ ဦးပရင်ဆင်းနှင့် ဒေါ်အုန်းမြင့်တို့၏သားရင်းသမီးများဖြစ်ကြပြီး ဖခင်ဖြစ်သူ ဦးပရင်ဆင်းသည် ၂၀၀၆ ခုနှစ်က ကွယ်လွန်ခဲ့ရာ မိခင်ဖြစ်သူ ဒေါ်အုန်းမြင့် အမည်ပေါက်ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လူနေရပ်ကွက်အမှတ် ၄၅၊ ဦးပိုင်အမှတ် (၅)၊ မြေဧရိယာ ၀ ဒသမ ၂၈၀ရှိ အိမ်ရာမြေကွက်နှင့် ယင်းမြေပေါ် ဆောက်လုပ်ထားသော မင်္ဂလာရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် (၆၂)ဟု တွင်ထားသည့် နှစ်ထပ်တိုက် (ဂိုဒေါင်ပါ) အဆောက်အအုံတို့သည် အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။

တစ်ခုတည်းသော အမွေဆိုင်ပစ္စည်းဖြစ်သည့် အထက်ပါမြေနှင့် အဆောက်အအုံတို့ကို အမွေဆိုင်များဖြစ်သည့် ကျွန်ုပ်၏အမှုသည်များ သဘောတူညီသိရှိခြင်းမရှိဘဲ အမွေဆိုင် သားတစ်ဦးသို့လွှဲပြောင်းရောင်းချခြင်းသည် တည်ဆဲဥပဒေများနှင့် မညီညွတ်သည့်အပြင် တရားဝင်လွှဲပြောင်းခြင်းလည်းမမြောက်ပါ။ လွိုင်ကော်မြို့၊ မြေစာရင်းဦးစီးဌာနတွင် စာချုပ်ချုပ်ဆိုလွှဲပြောင်းရယူရန် ကြိုးစားနေသည့်အပေါ် ကျွန်ုပ်၏အမှုသည်တို့က ၂၂-၁၂-၂၀၁၄ ရက်တွင် စာဖြင့်ကန့်ကွက်ခဲ့ပြီးဖြစ်သည့်အပြင် တစ်လလျှင်တစ်ကြိမ်ကျ ကန့်ကွက်စာတင်ဆဲလည်းဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်က သတိပေးတားမြစ်လိုက်သည်မှာ ယခုကဲ့သို့ အခြားအမွေဆိုင်များ၏ အကျိုးခံစားခွင့်များကိုပါ စာချုပ်ချုပ်ဆို လွှဲပြောင်းရယူခြင်းသည် ဗုဒ္ဓဘာသာကိုးကွယ်သူများအဖြစ် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ရုံမျှမက၊ ကာလပေါက်ဈေးထက် လွန်စွာနည်းသော လျှော့ပေါ့တန်ဖိုးဖြင့် အထက်ပါမြေနှင့် အဆောက်အအုံကို စာချုပ်ချုပ်ဆိုရန် ကြိုးစားနေကြခြင်းသည် ပဋိညာဉ်ဥပဒေပုဒ်မ(၂၃)ပါပြဋ္ဌာန်းချက်ကို အတိအလင်း ဆန့်ကျင်ချိုးဖောက်ရာရောက်သဖြင့် ပျက်ပြယ်သော စာချုပ်တစ်ရပ်သာဖြစ်ရာ ဥပဒေနှင့်မညီသော ဆောင်ရွက်မှုများကို ဆက်လက်မဆောင်ရွက်ရန် ကျွန်ုပ်ကတည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကျွန်ုပ်၏အမှုသည်ကိုယ်စား အသိပေးတားမြစ်လိုက်သည်။

ဤသတိပေးတားမြစ်ချက်ကို ဆန့်ကျင်ဆောင်ရွက်သူတို့သည် မိမိတို့၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**(ဒေါ်ခင်ညွှန့်နှင့် ဦးရာဘီဆင်းတို့၏ ညွှန်ကြားချက်အရ)**

**ဓနုဖြူ - ဦးမြင့်အောင် B.A (Law) LL.B**
**Advocate & Legal Consultant (L.2277)**
**အမှတ် ၅၆၁၊ ပထမထပ်၊ MAC Tower၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**Email:danuphyumyintag@gmail.com**

## အများသိစေရန်ကြေညာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ သာလွန်လမ်း၊ အမှတ် ၆၀ ဂရန်အမည်ပေါက် ဒေါ်ခိုင်ညွှန့်စိန် မြေပေအကျယ်ပေ(၄၀×၆၀)အနက်မှ ခေါင်းရင်းခြမ်း ပေ(၂၀×၆၀)အား အဆက်စပ်စာချုပ်များအရ ဒေါ်မိုးစံပယ် ၈/ပခက(နိုင်)၁၉၁၅၄၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နွယ်ဦးက အပြီးအပိုင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူပိုင်ဆိုင်ပြီးဖြစ်သည့်အတွက် ဒေါ်နွယ်နွယ်ဦး၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း မပြုလုပ်နိုင်ပါကြောင်း ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်နွယ်နွယ်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ညိုညိုဆင့် LL.B, D.B.L, D.M.L, D.I.L, Wipo(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၃၁၃၀၈)**
**ဖုန်း-၀၉-၄၂၁၁၅၂၄၃၅**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ လူနေရပ်ကွက်အမှတ် F.M.I City အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၁၀၁၉၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်အား ရန်ကုန်မြို့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမောင်မောင်မြင့် ၁၂/စခန(နိုင်)၀၃၉၅၄၀ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးမောင်မောင်မြင့်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မင်းမင်းမော် ၁၂/ဗတထ(နိုင်)၀၀၁၄၆၈ ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများ အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ရီ(တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၃၀၃၇၄၊ ၀၁-၂၂၃၉၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ်(ဥ-၅၃၄၈)၊ ဧရိယာ ၀ဒသမ၂၂၉ဧက ဒေါ်ထွေးထွေးအမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား ဦးသိုက်စိုး ၁၂/လကန(နိုင်)၀၁၆၄၇၁ (ဘ)ဦးဘလွင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပခုက္ကူခရိုင်တရားမရုံးတော်၌**
**၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၅ နှင့်ဆက်သွယ်သည်။**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၈**

မန်နေဂျာမြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ရန်ကုန်မြို့။ **နှင့်** ၁။ ဦးလှထွန်းဆွေ ၂။ ဒေါ်စန်းစန်းဦး

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ဦးလှထွန်းဆွေနှင့် ဒေါ်စန်းစန်းဦး အမှတ် ၂၀၂၊ ဗိုလ်ချုပ်လမ်း၊(၁၂)ရပ်၊ ပခုက္ကူမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၅ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် တရားနိုင် မန်နေဂျာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်မြို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၉ ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(တင်တင်ဦး)**
**ဒုတိယခရိုင်တရားသူကြီး**
**ပခုက္ကူခရိုင်တရားရုံး**

# လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

အမေရိကန်ပြည်ထောင်စုနေ
MS.MYRA JOLIVET & MR.SAMUEL WASHINGTON JR. တို့၏
တစ်ဦးတည်းသောသား

## ဒေါက်တာ SAMUEL L.WASHINGTON III (M.D)

**(ခွဲစိတ်အထူးကု)**

**နှင့်**

ရန်ကုန်မြို့နေ (ဦးစံဝင်း)နှင့်
ဒေါ်ဂျူလိုင်သန်း (CHAIRMAN, CITY DEPOT CO.,LTD.) တို့၏သမီးဦး

## JEANIE WIN

**(BIOCHEMISTRY, UNIVERSITY OF CALIFORNIA, DAVIS)**

တို့၏ ၅-၁၁-၂၀၁၅ ရက်တွင် SANFRANCISCO CITY HALL တွင် ကျင်းပပြုလုပ်သော လက်မှတ်ထိုးမင်္ဂလာ၊ ၁၄-၁၁-၂၀၁၅ ရက်တွင် မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း (HALF MOON BAY MONASTERY) တွင် တရားစခန်းဝင်ယောဂီများနှင့် ဆရာတော်ကြီးများအား မင်္ဂလာဦးဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ၁၅-၁၁-၂၀၁၅ ရက်တွင် (SILICON VALLEY CAPITAL CLUB)တွင် ကျင်းပပြုလုပ်သော စုလျားရစ်ပတ် လက်ထပ်မင်္ဂလာ၊ ကျမ်းသစ္စာကျိန်ဆို မင်္ဂလာနှင့်ညစာစားပွဲသို့ပြည်တွင်းပြည်ပမှ တကူးတက တက်ရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးများ၊ ညီအစ်ကိုမောင်နှမများ၊ မိတ်ဆွေများနှင့် လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်များ ပေးပို့ကြသူများ၊ မင်္ဂလာအခမ်းအနားအားလုံး အစစအရာရာအဆင်ပြေချောမွေ့ ပျော်ရွှင်စည်ကားစွာ ကျင်းပနိုင်ရန် အဘက်ဘက်မှ ကူညီအားပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**SAM &JEANIE**





❖ ကမ္ဘာပေါ်တွင် စီးပွားရေးအရ ဒုတိယအင်အားအကြီးဆုံး နိုင်ငံအဖြစ်ပေါ်ထွက်လာခဲ့သည့် တရုတ်နိုင်ငံ...

❖ နိုင်ငံတကာရေးရာများတွင် ရှေ့တန်းမှတက်ကြွစွာ ပါဝင်လာပြီး မဟာဗျူဟာမြောက်စီမံကိန်းကြီးများ ဦးဆောင်ချမှတ်ကာ ပြင်ပကမ္ဘာသို့ခြေလှမ်းလာသည့်တရုတ်နိုင်ငံ...

❖ တရုတ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ တရုတ် - အမေရိကန်ဆက်ဆံရေး၊ တရုတ် - အာဆီယံဆက်ဆံရေးအခြေအနေများကို စုစည်းရေးသားထားသည့်...

တက္ကသိုလ်ဟန်စိုးဦး၏

"စီးပွားရေးပါဝါနှင့် အင်အားချိန်ခွင်လျှာ"

ရှင်းရှင်းစာပေ၊ ၀၉ ၇၃၀၃ ၂၈၀၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိသည်။


## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ မြို့မ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးစိန်လှိုင် ပါ-၃ဦးမှ ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (ရပ်-၁၀)ဇာတ်ရုံရပ်၊ ဦးပိုင်အမှတ် (၁၈-ခ)၊ မြေကွက်အမှတ်(၁၃၆-B)တွင်ရှိသော မြေချိန်ဧရိယာ ၀ ဒသမ ၀၉၃၄ ခန့်ရှိသောမြေကို အမည်ပြောင်းသက်တမ်းတိုးမြေငှားဂရန်ထုတ်ပေးရန် လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားခြင်းနှင့်ပတ်သက်၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## တိုက်ခန်းရောင်းရန်ရှိသည်

ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်လမ်းမအနီး 15'x60' အထူးပြင်ဆင်ပြီး ကိုယ်ပိုင်မီးရေအသင့်နေ 6F သိန်း310 ညှိနှိုင်းဈေး။ **ဖုန်း-၀၉-၅၀၇၁၃၆၆**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၁၂-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၂၇ ဦးမျိုးမင်းသူနှင့်အများသိစေရန်ကြေညာချက်ပါ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ သုရသတိလမ်း၊ အမှတ်၃၉ အစား အမှတ်၉၃ဟု အမှန်ဖတ်ရှုပါရန်။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ တောက္ကရုပ်ကျေးရွာနေ ဒေါ်ခင်ရွှေ၏ သမီး မပို ၅/ကဘလ(နိုင်)၁၃၀၀၁၁သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခြင်းကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး နောင်ဖြစ်လာမည့် ကိစ္စအဝဝကို တာဝန်မယူပါ။ **မိခင်-ဒေါ်ခင်ရွှေ ၅/ကဘလ(နိုင်)၀၈၆၀၆၈**

## ဦးဘုန်းမင်းနိုင် ၁၃/ကမန(နိုင်)၀၆၂၄၇၅အပေါ် အသိပေးအကြောင်းကြားခြင်း

၁။ ဦးမြင့်ဇော် ၉/မထလ(နိုင်)၁၇၀၀၇၆ အမည်ပေါက် မန္တလေးမြို့၊ စည်ပင်သာယာရေးကော်မတီ၏ မြေဂရန်အမှုတွဲအမှတ် (၁၄၅/၂၀-၃-၁၄)ကို အာမခံအပ်နှံ၍ ဦးဘုန်းမင်းနိုင် ၁၃/ကမန(နိုင်)၀၆၂၄၇၅က ကျွန်ုပ်အမှုသည် ဦးနိုင်နိုင် ၁၃/လရန(ပြု)၀၀၀၀၁၅ထံမှ ငွေကြေး ထုတ်ယူသွားခဲ့ပါသည်။

၂။ ယင်းစာမှတ်စာတမ်းများပါ ဝန်ခံတိပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ဦးဘုန်းမင်းနိုင်က တမင်ပျက်ကွက်လျက်ရှိသည့်အပြင် ကျွန်ုပ်၏အမှုသည်အား တမင်ရှောင်တိမ်းနေကြောင်းလည်း ညွှန်ကြားချက်အရ သိရှိရပါသည်။

၃။ အထက်ဖော်ပြပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဤအကြောင်းကြားစာထုတ်ပြန်သည့်နေ့မှ ရက်သတ္တတစ်ပတ်အတွင်း ဦးဘုန်းမင်းနိုင်ကိုယ်တိုင် ကျွန်ုပ်၏အမှုသည်ထံ တိုက်ရိုက်လာရောက်ဖြေရှင်းရန် အကြောင်းကြားပါသည်။ တောင်းဆိုချက်အတိုင်း ဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ခဲ့ပါက တရားဥပဒေအရ တရားစွဲဆိုဆောင်ရွက်သွားလိမ့်မည်ဖြစ်ပါကြောင်း။

**ဦးနိုင်နိုင်၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| **အမှတ် (ည-၅/၂၇)၊ သာယာလမ်း၊** | **ဦးစိုင်းမြင့်မောင်** |
| **နယ်မြေ (၅)၊ ရပ်ကွက် (၁၀)၊ လားရှိုးမြို့။** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၈၂-၂၃၄၈၀၊ ၀၉-၅၂၆၂၁၂** | **(စဉ်-၁၇၆၀/၇၉)** |

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၅ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၁၀၃**

ဦးခင်မောင်တင့် **နှင့်** ဒေါ်သန်းမြိုင် ပါ၃
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ အမှတ်(၃)ဦးခင်မောင်ဝင်း၊ အကွက် ၄၁၇/၁၃၊ အပိုင်း က-၄၊ ဦးပိုင်အမှတ် ၁၁၅/က-၁၉၄၊ အုတ်စက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးခင်မောင်တင့်က ဤရုံးသို့ ကွယ်လွန်သူ လျှောက်ထားခံရသူ(၂)ဒေါ်တင်ဌေး (ကိုယ်တိုင်နှင့် ကွယ်လွန်သူ ဒေါ်အေး၏ တရားဝင်ကိုယ်စားလှယ်)၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ၎င်း၏ခင်ပွန်း ဦးခင်မောင်ဝင်းအား ထည့်သွင်းပေးရန် လျှောက်ထားသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက် (၁၃၇၇ ခုနှစ် ပြာသိုလဆန်း ၆ ရက်) နံနက် ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(အောင်မြင့်သန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း**

## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ ဒုတိယခရိုင်တရားသူကြီး(၄)ရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၉၇**

ဒေါ်မြတ်ကေခိုင် **နှင့်** ဒေါ်ခင်မေတင်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒေါ်ခင်မေတင် အမှတ်(၄၇)၊ နှင်းဆီလမ်း၊ ပါရမီ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၈၇တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မြတ်ကေခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၂ ရက် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မန်ဟောက်ချန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၆၇**

ဒေါ်မာလာဝင်း **နှင့်** ၁။ ဦးသန်းမြင့်
၂။ တကကကြည်ဇင်
၃။ ဒေါ်သန်းနွယ်
၄။ ဦးစောမောင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေရပ်ကွက်၊ အမှတ်(၁၃/၁)နေ (၁)တရားပြိုင် ဦးသန်းမြင့်၊ မင်္ဂလာဒုံမြို့နယ်၊ ဗဟိုနိုင်ငံရေးတက္ကသိုလ် အိမ်ထောင်သည်လိုင်း၊ စစ်ရေးနည်းပြ (၂)တရားပြိုင် တကကကြည်ဇင် (ကပ/၂၁၄၉၀၀)၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာ၊ အမှတ်(၁၃/၁)နေ (၃)တရားပြိုင် ဒေါ်သန်းနွယ်နှင့် မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာ၊ အမှတ်(၁၃)နေ (၄)တရားပြိုင် ဦးစောမောင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက 'ပဋိညာဉ်အတိုင်းမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု' လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၄ရက် (၁၃၇၇ခုနှစ်ပြာသိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**





## ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၂၂)**
**မြစ်ကြီးနားခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၉ နှင့်ဆက်နွှယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၂၀**

ဒေါ်သန္တာလင်း **နှင့်** ဒေါ်ခင်ဌေး
**တရားနိုင်** **တရားရှုံး**

ဒေါ်ခင်ဌေး ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

မြစ်ကြီးနားခရိုင်တရားရုံး၏ ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၉တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သန္တာလင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းပြရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့် အရရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၁ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြစ်ကြီးနားခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သဃ်္ဃန်းကျွန်းမြို့နယ်တရားမရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၈၂**

ဦးကျော်သန်းထွန်း **နှင့်** ၁။ ဦးတိုးအောင်
၂။ ဦးအုံးမောင်
**တရားလို** **တရားပြိုင်များ**

အမှတ် ၄၂၆၊ သုမာလာ ၂လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးအုံးမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်သန်းထွန်းက ပဋိညာဉ်အတိုင်းမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ကိုယ်စားလှယ်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၂ရက် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၃ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့ပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေဆွေဝင်း)**
**မြို့နယ်တရားသူကြီး**
**သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သဃ်္ဃန်းကျွန်းမြို့နယ်တရားမရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၈၁**

ဒေါ်သွယ်သွယ်အေး **နှင့်** ၁။ ဦးအောင်မင်း
၂။ ဒေါ်အေးမြင့်
၃။ ဦးအုံးမောင်
**တရားလို** **တရားပြိုင်များ**

အမှတ် ၄၂၆၊ သုမာလာ ၂လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးအုံးမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သွယ်သွယ်အေးက မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ကိုယ်စားလှယ်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ရက် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၃ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့ပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေဆွေဝင်း)**
**မြို့နယ်တရားသူကြီး**
**သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ မြေကွက်/ဦးပိုင်အမှတ် ၂၇ဃ၊ ဧရိယာ ၀ဒသမ၀၂၀ဧကရှိ ဒေါ်လွင်လွင်ရီ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်အေးအေးနိုင်(အထူးကိုယ်စားလှယ်လွှဲစာရရှိသူ) ၁၂/ပဇတ(နိုင်)၀၂၀၃၉၃ (ဘ)ဦးတင်ဌေးမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်ချုပ်ဆိုရန် မြေပုံရေးကူးခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဉာဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁က/ ဥတ္တရသီရိတောင်ရပ်၊ မြေကွက်အမှတ်(ဥ-၅၈၄၀) ဦးမောင်မောင်ကျော် ၁၂/လမန(နိုင်)၀၈၅၃၂၃ အမည်ပေါက် ပါမစ်မြေအတွက် ထုတ်ပေးထားသည့် မြေပေးမိန့်မူရင်းပျောက်ဆုံးသွားပါသဖြင့် တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ မြေပေးမိန့်မိတ္တူမှန်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးမောင်မောင်ကျော် ၁၂/လမန(နိုင်)၀၈၅၃၂၃ အမည်ပေါက် မြေပေးမိန့် မူရင်းအားပယ်ဖျက်၍ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးနိုင်ရေးဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်၊ မြေကွက်အမှတ် ပစ(C)၅၈၀၇၏အမည်ပေါက် ဒုတပ်ကြပ်ဝင်းရွှေ ကွယ်လွန်သွားပါသဖြင့် တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်လေးကြည် ၁၂/လကန(နိုင်)၀၃၆၅၆၃ (ဘ)ဦးသိုင်းမှ ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၅၈၇၀၃၊ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲကျော် ၉/မတရ(နိုင်)၁၈၁၉၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/4000, Mitsubishi Canter FE83CEV Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဦး ၁၂/သဃက(နိုင်)၀၅၁၄၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မခိုင်ဇာသွယ် ၁၂/သဃက(နိုင်)၁၆၈၁၆၁ သည် မိမိဆန္ဒအတိုင်း လုပ်ဆောင်သွားပြီး မိခင်အား စိတ်ဒုက္ခ၊ လူဒုက္ခရောက်အောင် လုပ်နေပါသဖြင့် ၎င်းနှင့်ပတ်သက်လာမည့် ကိစ္စမှန်သမျှ လုံးဝတာဝန်မယူပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ဌေးဌေးကြည်**





## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်၅၊ နည်းဥပဒေ-၂၀)**
**တောင်ငူမြို့နယ်တရားရုံး၌**
**၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-(၁၃၁)**

မဝင်းဝင်းခိုင် နှင့် ဟန်ထူး
**တရားလို** **တရားပြိုင်**

ပဲခူးမြို့၊ ၇/၄၊ တပင်ရွှေထီးလမ်း၊ ကွက်သစ်၊ မဟာမြိုင်မီးပွိုင့်လမ်းဆုံရှေ့၊ နန်းဦးပုညရှင်ဘုန်းတော်ကြီးကျောင်းအနီးနေ တရားပြိုင် မောင်ဟန်ထူး(ဘ)ဦးစိုးလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမဝင်းဝင်းခိုင်က တရားဝင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၁ ရက် (၁၃၇၇ ခုနှစ် ပြာသိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သင်းသင်းလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ငူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၅၆၁ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၂-ဈ၊ မြေဧရိယာ ဝဒသမဝ၆၄ဧကေအနက် တရားဝင်မခွဲစိတ်ရသေးသော ကန်ထရိုက်အဆောက်အအုံ၏နောက်ဘက်မြေ (အလျား ပေ၃၀၊ အနံပေ၃၀)ခန့် အကျယ်အဝန်းရှိ နှစ် ၆၀ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် ဒေါ်သောင်းကြည် ISN-၁၈၆၄၄၄ မှ တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ကွယ်လွန်သွားသဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးလွန်းမောင်နှင့် သား၊ သမီးများဖြစ်ကြသည့် ဒေါ်ခင်မြင့်၊ ဦးမြင့်သန်း၊ ဦးသန်းဦး၊ ဒေါ်ရီရီလွင်တို့မှ ၁၄-၁-၂၀၀၄ရက်တွင် ပြုလုပ်သည့် အမွေဆိုင်မိသားစုဝင်များ၏မိသားစုစီမံချက်သဘောတူကတိစာချုပ်တွင် ပါရှိသည့် ဒေါ်ရီရီလွင် ၁၂/မရက(နိုင်)၀၅၃၅၃၃ ရရှိသည့်အမွေစုကို တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးရီ LL.B** **ဒေါ်လှလှခိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ(၄၃၇၃)** **တရားလွှတ်တော်ရှေ့နေ (၅၄၁၀)**
**အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁A၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၉ဃ/၉၈၃၄ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/8143 Nissan Diesel CW 610HV Dump Truck (6x4)R ယာဉ်လက်ဝယ်ရှိသူ စိုးထက်သိန်း ၁၂/သကတ(နိုင်)၀၀၂၈၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C-6596၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်2G/7950၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၇)၊ ဦးပိုင်အမှတ် (၉)၊ ၇၂×၇၃လမ်းကြား၊ လောကမဏိစူဠာ ဘုရားအနောက်မုခ်ရှိ ဒေါ်နီနီစန်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးကျော်ဝင်း ၁၃/ကမန(နိုင်)၀၅၈၁၁၂မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ဃ/၈၂၄၃၂ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းဇော်ထက် ၉/ခမစ(နိုင်)၀၆၅၃၃၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၇၃၈၄၅ Honda C90 Custom CMV, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းဝင်းနိုင် ၉/မနမ(နိုင်)၀၀၇၅၄၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ် (၅၀၆)၊ ဦးပိုင်အမှတ် (၁၁-က)၊ စစ်ကိုင်း-မန္တလေးလမ်းပေါ်ဘုရားကြီးအနောက်မုခ်အနီးရှိ ဒေါ်ကြည်လင် အမည်ပေါက်ဘိုးဘမြေကွက်အား ဖခင်ဖြစ်သူ ဦးတင်၄၁၊ မိခင်ဖြစ်သူ ဒေါ်ကြည်လင်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောသားသမီးများဖြစ်သည့် ဒေါ်စီစီဝင်း ၉/ခမစ(နိုင်) ၀၁၇၀၈၉၊ ဒေါ်ကြည်ကြည်ဝင်း ၅/မကန(နိုင်)၀၀၂၇၀၉၊ ဦးမြင့်ကို ၅/မကန(နိုင်)၀၀၃၈၉၃၊ ဦးသောင်းထိုက် ၉/မရတ(နိုင်)၀၂၁၂၂၂၊ ဒေါ်ခင်မျိုးဝင်း ၅/မကန(နိုင်)၀၀၂၇၀၈၊ ဦးနေမျိုး ၅/မကန(နိုင်) ၀၀၀၀၃၃၊ ဒေါ်ရီရီဝင်း ၅/မကန(နိုင်) ၀၀၀၀၄၇၊ ဒေါ်မင်းအိထွေး ၉/ခမစ(နိုင်) ၀၁၂၅၇၇တို့မှ ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေပုံရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၄၉၊ ဦးပိုင်အမှတ် ၃၇·ခ၊ ၂၈×၂၉လမ်းကြား၊ ၈၇×၈၈လမ်းကြားရှိ ဦးရင်ကြီးအမည်ပေါက်ဂရန်မြေကွက်အား ဖခင်ဖြစ်သူ ဦးရင်ကြီး၊ မိခင်ဖြစ်သူဒေါ်ဦး၊ (သား)ကိုဖိုးလုံး (လူပျိုကြီးဘဝ)၊ ဦးသက်ပြင်း (လူပျိုကြီးဘဝ) ဦးကျော်ညွှန့်၊ (သမီး)ဒေါ်အမာ၊ (သမက်) ဦးမောင်ကို၊ (မြေး) ကိုအောင်နိုင်ထွန်းတို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၂၀၈၉/၂၀၁၅ ဖြင့် အမွေဆက်ခံခဲ့သော ကျန်ရစ်သူမြေးများဖြစ်သည့် ဦးသိန်းထွန်းဦး၊ ဒေါ်လဲ့လဲ့ထွန်း၊ ဒေါ်စပယ်အောင်၊ ဒေါ်ဆွေဇင်ဦး၊ ဒေါ်သက်ထားဦး၊ ဒေါ်နွေးနွေးနိုင်တို့ ခြောက်ဦးအနက် ဦးသိန်းထွန်းဦး ပါ(၅)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် ၂၀၉၀/၂၀၁၅ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်လဲ့လဲ့ထွန်း ၉/မနတ(နိုင်)၀၆၆၁၇၈မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ အမည်ပြောင်း၊ ဂရန်မိတ္တူ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေစား အမွေခံ "မြေး"အဖြစ်မှစွန့်လွှတ်ခြင်း

ဒေါ်သန်းသန်းဦး ၁၀/မဒန(နိုင်)၀၁၉၀၄၀၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဦး၏သား ဦးသန့်ဇင်ဦးနှင့် ၎င်း၏ဇနီး ဒေါ်နီလာအောင်တို့မှ မွေးဖွားသော မောင်ဉာဏ်လင်းဦး(ခ)Patrick ၁၂/သဃက(နိုင်)၁၈၅၇၉၀ကို အဘွားဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဦးမှ ၎င်း၏ဘဝနောင်ရေး စိတ်အေးချမ်းသာအဆင်ပြေမှုရရှိစေရန် နိုင်ငံရပ်ခြားတွင် ပညာသင်ကြားနိုင်ရေးအတွက် ငွေကြေးမှစ၍ လိုအပ်သမျှကိစ္စအဝဝတို့ကို ပြည့်စုံလုံလောက်စွာ လိုလေသေးမရှိအောင် ပံ့ပိုးထောက်ပံ့ကာဆောင်ရွက်ပေးခဲ့ပါသည်။

သို့သော် အဘွား၏စေတနာကို မထောက်ထားဘဲ အဘွားဖြစ်သူအား ကိုယ်စိတ်နှစ်ပါးဆင်းရဲညှိုးနွမ်းစေမည့် ကိစ္စများကို ဆောင်ရွက်နေသည့်အပြင် နိုင်ငံရပ်ခြားတိုင်းတစ်ပါးတွင် ပြီးဆုံးတိုင်အောင် ကောင်းစွာပညာသင်ကြားခြင်းမပြုဘဲ အဖ၊ အမိနှင့် အဘွားဖြစ်သူတို့ထံ ပြန်လာ ခဲ့ပြီး နည်းမျိုးစုံဖြင့် အဘွားဖြစ်သူ ဒေါ်သန်းသန်းဦးအား ကိုယ်စိတ်နှစ်ပါးဆင်းရဲစေမည့် လုပ်ရပ်များကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေပါသဖြင့် မောင်ဉာဏ်လင်းဦး(ခ)Patrick အား အမွေစားအမွေခံ "မြေး"အဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မောင်ဉာဏ်လင်းဦး(ခ)Patrick ၏ မည်သည့်ပြုလုပ်ဆောင်ရွက်မှု ကြီးငယ်ကိုမဆို အဘွားဖြစ်သူ ဒေါ်သန်းသန်းဦး အပါအဝင် မုဒုံမောင်မောင် ကားပစ္စည်းရောင်းဝယ်ရေးမိသားစုမှ လက်ခံဖြေရှင်း ဆောင်ရွက်ပေးလိမ့်မည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်ပေးအပ်သူ-**
**ဒေါ်သန်းသန်းဦး**
**မုဒုံမောင်မောင် ကားပစ္စည်းရောင်းဝယ်ရေး**

**ညွှန်ကြားချက်အရ-**
**ဦးသိန်းညွှန့်**
**BA, HGP, R.L, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)**
**ဒေါ်အေးမြင့်ရီ (စဉ်-၃၁၀၅၄)**
**ဒေါ်ချောချောအေး (စဉ်-၂၇၄၆၇)**
**အထက်တန်းရှေ့နေများ**
**အမှတ် (၁၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၅၀၀၁၈၃၇၊ ၀၉-၅၀၅၃၁၀၇၊ ၀၉-၃၆၀၅၉၅၀၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ငြိမ်းချမ်း ၉/မထလ(နိုင်)၃၀၂၉၆၂၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၉၂၁၉၉၄၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ် (၅၂)၊ ဦးပိုင်အမှတ်(၄၄+၃၃·ခ) ၁၂×၁၃ လမ်းကြား၊ ၈၁×ရွှေတချောင်းလမ်းကြားရှိ ဒေါ်အေးမအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်စန်းတီး ၉/မနမ(နိုင်)၀၈၂၈၇၁မှ ဦးပိုင်(၄၄+၃၃·ခ) (ခဲစင်း) အရှေ့ဘက်ခြမ်းအား မီးလောင်မြေနေရာပြန်လည်ချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့်ဂရန်သစ်အမည်ပြောင်း ဦးပိုင်ခွဲအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၂၆)၊၇၃×၇၄လမ်းကြား၊ ငွေတော်ကျီကုန်းလမ်းမကြားရှိ ဦးထွန်းထွန်းမင်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးဖုန်းမို ၉/မရတ(နိုင်)၀၂၂၆၃၂၊ ဒေါ်မြကြည် ၉/မရတ(နိုင်)၀၂၂၆၂၉မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်းအမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

